Research Institute

YCU - RI

Working Paper

# မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှု မှတဆင့် တရားမျှတမှုလက်လှမ်းမီရေး ကိုမြှင့်တင်ခြင်း

YRI Working Paper Series [5/2025]

Wint War

The YRI Working Paper Series is dedicated to disseminating research results from ongoing work, fostering the exchange of ideas, enriching academic discussions, and generating valuable feedback before formal publication. Its research projects focus on Myanmar contemporary issues relating to human rights, Law, governance, peace and conflicts Transformation.

※ **All YRI Working Papers are accessible via the YRI website: https://yri-mm.org/working-paper/**

**Series Editing and Production:**

Senior Research Adviser (YRI), Senior Legal Adviser, Research Institute Assistant and IT Officer.

**Please cite this working paper as:**

Wint War. (2025). *မြန်မာ့လူ့အဖွဲ့စည်းအတွင်း ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှု မှတဆင့် တရားမျှတမှုလက်လှမ်းမီရေးကိုမြှင့်တင်ခြင်း* (Promoting Access to Justice through Restorative Justice in Myanmar Society), YRI Working Paper No. [5/2025].

## Author

Wint War is an independent researcher who dedicated to human rights research focusing on justice system. Her work reflects the challenges of existing justice system in Myanmar.

Contact

Email:wintwar1359@gmai.com

.

# မာတိကာ


အနှစ်ချုပ် ........ 3

နိဒါန်း ........ 3

သုတေသနမေးခွန်း ........ 6

သုတေသနရည်ရွယ်ချက်များ ........ 6

သုတေသနနည်းလမ်းများ ........ 6

မြန်မာနိုင်ငံရှိတရားမျှတမှုလက်လှမ်းမီရေးတွင် ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှု၏ အခန်းကဏ္ဍ ........ 8

ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှု၏ကုစားပေးမှုများနှင့်မြန်မာနိုင်ငံ၏တည်ဆဲ ........ 11

ဥပဒေအရကုစာပေးမှုများ ........ 11

ရာဇဝတ်မှုများတွင် ဥပဒေအရပြန်လည်ကုစားပေးမှုများ ........ 14

မြန်မာနိုင်ငံ၏ ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုတွင်ကြုံတွေ့နေရသော စိန်ခေါ်မှု အတားအဆီးများ ........ 19

တွေ့ရှိချက်များ ........ 20

နိဂုံးချုပ် ........ 22

ကိုးကားချက်များ ........ 23

## အနှစ်ချုပ်

မြန်မာနိုင်ငံ၏သမာရိုးကျတရားစီရင်ရေးစနစ်သည် ကျူးလွန်ခံခဲ့ရသူများအပေါ် စစ်မှန်သော တရားမျှတမှု နှင့် လုံလောက်သောကုစားမှု မရနိုင်သည့်အခါ ပြန်လည်ထူထောင်ရေး တရားမျှတမှုသည် တရားမျှတမှု လက်လှမ်းမီရေး ကိုမြှင့်တင်ဆောင်ရွက်ရာတွင် လူမှုသဟဇာတဖြစ်မှုနှင့် ကုစားမှုတို့ကို မြှင့်တင်ရန်အတွက် ရာဇဝတ်မှုကျူးလွန်သူများ၏ တာဝန်ခံမှု၊ ပြန်လည်ပေးဆပ်မှုနှင့် ပြန်လည်သင့်မြတ်ရေးတို့ကို အဓိကထားသည့် အခြားရွေးချယ်စရာနည်းလမ်းတစ်ခု ဖြစ်သည်။ ရာဇဝတ်မှု ကျူးလွန်ခံရသူနှင့် ကျူးလွန်သူများကြား အပြန်အလှန် ဆွေးနွေးညှိနှိုင်းခြင်းဖြင့် နှစ်ဖက်စလုံးကို အကျိုးပြုပြီး စာနာနားလည်မှုနှင့် အပြန်အလှန် စာနာ နားလည်မှုကို မြှင့်တင်ပေးသည်။ ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှုသည် အလွတ်သဘောဆိုင်ရာ တရားစီရင် ရေး စနစ်ဖြင့်ဖြေရှင်းခြင်း နှင့် သမာရိုးကျတရားစီရင်ရေးစနစ်များအကြား ကွာဟချက်ကို ပေါင်းကူးပေးနိုင်ရန်အတွက် ပြန်လည်ထူထောင်ရေး၊ အခြေခံရပိုင်ခွင့် နှင့် လွတ်လပ်ခွင့်များကို သေချာအကာအကွယ်ပေးခြင်းအပြင် နိုင်ငံတော် နှင့် ပြည်သူအကြား ယုံကြည်မှု၊ ဆက်ဆံရေးကို လေးလေးနက်နက် ပြုပြင်ပြောင်းလဲခြင်း စသည့် လုပ်ငန်းစဉ်များကို ပူးတွဲလုပ်ဆောင်ပေးရန်လိုအပ်သည်။ ပြန်လည်ထူထောင်ရေး ဆိုင်ရာ တရားမျှတမှု ကို အားကောင်းလာအောင်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများသည် တရားမျှတမှု အပေါ်ယုံကြည်ချက် ရှိလာခြင်း၊ ပြစ်ဒဏ်ပေးခြင်းထက် ကုစားမှုနှင့်ပြုပြင် ထိန်းကျောင်းရေးကို ဦးတည်ထားသောကြောင့် ရာဇဝတ်မှု များလျော့ကျ လာနိုင်ခြင်း၊ကောင်းမွန်လုံခြုံသော လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာခြင်း၊ ထိခိုက်နစ်နာသူအခြေပြု စနစ်ပါဝင်ခြင်း ကြောင့် အမှန်တကယ်နစ်နာမှု များ ကို ကုစား ပေးခြင်းနှင့်ကျူးလွန်သူကို နောင်တရစေခြင်း၊ တာဝန်ယူမှု များပါဝင်ခြင်းကြောင့် နှစ်ဖက်စလုံး တွင် အပြန် အလှန်ရေရှည် ကောင်းမွန်သော စနစ်ကို တည်ဆောက်နိုင်ခြင်း၊ ထိခိုက်နစ်နာသူ၏အသံများ ပါဝင်သောကြောင့် စိတ်ဝေဒနာ လျော့ချစေခြင်း၊ တရားမျှတမှုကို တောင်းဆို ရာတွင် လွယ်ကူစေခြင်း၊ လူမှုအကျိုးပြုလုပ်ငန်းများတွက် အထောက်အကူ ဖြစ်စေခြင်းကြောင့် စိတ်ကောင်းများ ဖြစ်ပေါ် လာကာ နောင်တကြီးစွာရပြီး ရာဇဝတ်မှုများကို နောင်တွင်ထပ်မံမကျူးလွန်နိုင်စေရန် အဟန့်အတား ဖြစ်စေ သည်။မြန်မာနိုင်ငံအနေဖြင့် ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုကို အခြေခံသောနည်းလမ်းများဖြင့် တရားမျှတမှုကိုဖော်ဆောင်ခြင်းသည် လူ့အဖွဲ့စည်းအတွင်းပဋိပက္ခနှင့်အငြင်းပွားမှုများကိုလျော့ချလာနိုင်ပြီး တရားမျှတမှုလက်လှမ်းမီရေး ပိုမိုအားကောင်းလာနိုင်ကြောင်း ယခုစာတမ်း၏ လေ့လာချက်များတွင်တွေ့ရှိရသည်။

*အဓိရည်ညွှန်းသောစကားလုံးများ(Keywords): ပြည်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှု(restorative justice)၊ တရားမျှတမှုလမ်းလှမ်းမီခြင်း(access to justice),နစ်နာမှုများ(grievances),သမာရိုးကျတရားစီရင်ရေး စနစ်(Formal Justice System) နှင့် ပြန်လည်ကုစားမှုများ(Reparation )။*

## နိဒါန်း

တရားမျှတမှုလက်လှမ်းမီရေးကို ဆောင်ရွက်ရာတွင် သမာရိုးကျတရားစီရင်ရေးဖြင့်သော်လည်းကောင်း၊ အလွတ်သဘောတရားစီရင်ရေးဖြင့်သော်လည်းကောင်းနည်းအမျိုးမျိုးဖြင့်ဖော်ဆောင်နိုင်ပါသည်[1](ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်, 2017) ။ဤသုတေသနၵ ရာဇဝတ်မှုကျူးလွန်ခံရ၍ ထိခိုက်ဆုံးရှုံးနစ်နာခဲ့သူများအနေဖြင့် တရား မျှတမှုလမ်းကြောင်းတွင် ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုနည်းလမ်းဖြင့် ကုစားမှုပေးခြင်းသည် မည်မျှ အထိအရေးကြီးကြောင်းနှင့် မြန်မာနိုင်ငံတွင် ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှုနည်းကိုကျင့်သုံး ဆောင် ရွက်ပါက ကြုံတွေ့ရနိုင်သည့် အတားအဆီးများနှင့် အကျိုးသက်ရောက်မှုများကိုလေ့လာသွားမည်ဖြစ်ပါသည်။

ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုဆိုသည်မှာ”ကျူးလွန်ခံရသူ(သို့မဟုတ်)ကျူးလွန်ခံရခြင်းမှ လွတ်မြောက်လာသူနှင့်ကျူးလွန်သူနှင့်အချို့သောအမှုများတွင် မှုခင်းတစ်ခုကြောင့်သက်ရောက်ခံရသော၊ထိခိုက်ခံ ရသောအခြားသူများမှ ရာဇဝတ်မှုမှပေါ်ပေါက်လာသောကိစ္စရပ်များအား ဖြေရှင်းရာတွင် ယေဘုယျအားဖြင့် facilitator (Stephen Otter, 2017) (သို့မဟုတ်)အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းသူတစ်ဦး၏ အကူအညီဖြင့် အတူတကွ တက်ကြွစွာ ပါဝင်ဆောင်ရွက် သည့် ချဉ်းကပ်ခြင်းတစ်ခု”ဟု UNICEF မှအဓိပ္ပာယ်ဖွင့်ဆိုထားပါသည် (စတီဖင် အော်တာ, 2017)။ ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှု (Restorative justice)သည် တရားမျှတမှု လက်လှမ်းမီရေး ကိုမြှင့်တင်ပေးနိုင်သည့်နည်းလမ်းတစ်ခုဖြစ်သည်။ ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှု သည် သမားရိုးကျတရားစီရင်ရေးကဲ့သို့သော ပြစ်ဒဏ်ချမှတ်အရေးယူမှုပုံစံတို့နှင့်မတူဘဲ ရာဇဝတ်မှုကျူးလွန်ခံရ ခြင်းကြောင့်ရရှိလာသော ထိခိုက်နစ်နာမှုများကို ကျူးလွန်သူမှ တာဝန်ယူမှုများ၊ ကုစားပေးမှုများ နှင့် ကျူးလွန်သူ များအား လူ့အဖွဲ့ စည်းအတွင်း ပြန်လည်ဝင်ဆံ့နေထိုင်နိုင်ရေးအပေါ်တွင်အဓိကထားသည်။ ပြန်လည်ထူထောင် ရေးဆိုင်ရာတရားမျှတမှုတွင် ပြစ်ဒဏ်တစ်ခုတည်းအပေါ်အာရုံစိုက် ခြင်းမျိုးမဟုတ်ဘဲ ထိခိုက်နစ်နာစေသည့် အခြေခံအကြောင်းရင်း များကိုဦးစားပေးဖော်ထုတ်ဖြေရှင်းပေးသောကြောင့် အမှုကိစ္စနှင့် သက်ဆိုင်သူ များအားလုံး ပါဝင်ပြီးဖြေရှင်းခြင်း နှင့် စိတ်ကျေနပ်မှုများ ပိုမိုရရှိစေသောနည်းလမ်းတစ်ခုဖြစ်သည်။ ပြန်လည်ထူထောင်ရေး ဆိုင်ရာတရားမျှတမှု (Restorative justice)သည်သမာရိုးကျတရားစီရင်ရေးစနစ်များ နှင့်နှိုင်းယှဉ်ပါက ကုန်ကျစရိတ်နှင့်အချိန်ကြန့်ကြာမှုများကို သက်သာစေနိုင်သည်။ ရာဇဝတ်မှုကျူးလွန်သူများ အားထပ်မံကျူးလွန်ရန်နှင့် ကျူးလွန် ရန်အကြံရှိသူများ ကို အဟန့်အတားဖြစ်စေသည် (International IDEA, 2003)။မြန်မာနိုင်ငံရှိတည်ဆဲ ဥပဒေမူဘောင်များ၊ ရာဇဂတ်မှုဆိုင်ရာတရားစီရင်ရေးစနစ်များနှင့် အလွတ်သဘောဆိုင်ရာ တရားစီရင်ရေးစနစ် များတွင် ပြန်လည်ထူထောင်ရေး

---

[1] သမာရိုးကျမဟုတ်သောအခြားနည်းဖြင့်ဖြေရှင်းခြင်းဆိုရာတွင်အငြင်းပွားမှုများကို တရားစွဲဆိုခြင်းနည်းဖြင့်မဖြေရှင်းဘဲ အစိုးရမဟုတ်သော တတိယကြားပုဂ္ဂိုလ်/အဖွဲ့အစည်းများမှ ကြားဝင်ဖြန်ဖြေပေးခြင်း၊စေ့စပ်ညှိနှိုင်းပေးသူအဖြစ် နှစ်ဦးနှစ်ဖက်လျော်ကြေးနှင့်သော်လည်းကောင်း၊ နှစ်ဖက်လက်ခံနိုင်သည့်ရလဒ်အဖြေများ ညှိနှိုင်းဆွေးနွေးရန် ပံ့ပိုးကူညီသည်။အငြင်းပွားမှုမှုပြဿနာဖြေရှင်းရာတွင် လူမှုရေးအရ ထည့်သွင်း စဉ်းစားရသည့်အယူအဆပေါ်အခြေခံသည်။ရပ်ရွာလူထုလေးစားထိုက်သည့်ခေါင်းဆောင်များမှ တတိယကြားလူပုဂ္ဂိုလ် များအဖြစ် ပါဝင်လုပ်ဆောင် ပေးရသည့်အခါတွင် ကိုယ်စားလှယ် သို့မဟုတ် တိုက်ရိုက်ညှိနှိုင်းမှုများ၌ ဖြောင်းဖျစေ့စပ် ခြင်းတာဝန် များကို ဆောင်ရွက်ကြရသည်။ ထိခိုက်နစ်နာခဲ့သူများနှင့် ကျူးလွန်သူတို့အကြား အဆင်ပြေချောမွေ့စွာဆက်ဆံနိုင်အောင် ပံ့ပိုးပေးမှုပြုလုပ်ပေးပြီး တရားမျှတမှုရရှိအောင် ဖြေရှင်းဆောင်ရွက်ကြသည်။

ဆိုင်ရာတရားမျှတမှုနှင့်ပတ်သက်၍ ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လုံလောက်သောကုစားမှုပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် သီးသန့်ပြဋ္ဌာန်းချက်များကို မတွေ့ရပေ။ ပြန်လည်ထူထောင်ရေးတရားမျှတမှု၏ အဓိကအခြေခံမှုဖြစ်သော ထိခိုက်နစ်နာသူများကိုပြန်လည် ကုစားပေးရာတွင် Victim Focus ကုစားပေးခြင်းအရ ၎င်းတို့၏ စွမ်းဆောင် နိုင်မှု၊ ပါဝင်မှု(နစ်နာမှုများနှင့် ထိခိုက်မှုများကို ပြောဆိုနိုင်စေရန် အခွင့်အရေးပေးခြင်း ဖြစ်သည်) နှင့်ကုစားမှုအပါအဝင် ပြန်လည်ထူထောင်ရေး တရားမျှတမှု လုပ်ငန်းစဉ်အတွင်း ထိခိုက်နစ်နာခဲ့သူများများ၏ လိုအပ်ချက်များနှင့် အကျိုးစီးပွားများကို အသိ အမှတ်ပြုပြီး ကိုင်တွယ် ဖြေရှင်း ပေးရန် အရေးကြီးကြောင်းအလေးပေးဖော်ပြရန်လိုအပ်ပါသည်။ ကျူးလွန်သူ၏ တာဝန်ခံမှု- နောင်တရရှိ ခြင်း ဆိုသည်မှာ ကျူးလွန်သူများအနေဖြင့် လူ့အဖွဲ့စည်းတွင်း ပြန်လည်ပေါင်းစည်းဝင်ဆံ့ ရေး နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ တိုးတက်မှုတို့ကို အာရုံစိုက်ခြင်းအားဖြင့် ရာဇဝတ်မှုကျူးလွန်သူများအား ၎င်းတို့၏ လုပ်ရပ် များအတွက် တာဝန်ခံနိုင်မှုဆိုင်ရာအရေးပါမှုကို အလေးပေးဖော်ပြပြီး ထိခိုက်နစ်နာမှုများကို ပြုပြင်ပေး ရန်နှင့် ကျူးလွန်ခံရသူ နှင့် ရာဇဝတ်မှုကျူးလွန်သူ နှစ်ဦးစလုံးကို လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစည်းရာ တွင် လွယ်ကူ ချောမွေ့စေရန် ဆွေးနွေးမှုများအတွက်ပံ့ပိုးမှုများ၊ လမ်းညွှန်မှုများနှင့် အခွင့် အလမ်းများ ကိုပံ့ပိုးပေး ရာတွင် လူမှု့အဖွဲ့အစည်း ၏အခန်းကဏ္ဍသည်အရေးကြီးသည် (International IDEA, 2003)။

ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှု(Restorative justice) သည် အကျဉ်းထောင်သား ဦးရေ တိုးပွားလာမှုကို လျော့ကျစေပြီး ပဋိပက္ခအရင်းအမြစ်များကို လက်တွေ့ကျကျဖြေရှင်းပေးနိုင်သည် (DIIS.DANISH INSTITUTE FOR INTERNATIONAL STUDIES, 2017)။ ပြန်လည်ထူထောင်ရေးတရားမျှတမှု ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေဆိုင်ရာအပြောင်းအလဲများ သာမက လူမှု့အသိုင်းအဝိုင်း၏ သဘောထားအမြင်ပြောင်းလဲမှုများ၊ တရားစီရင်ရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် ဥပဒေ ပညာရှင်များအား လေ့ကျင့်သင်ကြားပေးခြင်း နှင့် ရပ်ရွာအခြေပြုဥပဒေရေးရာလက်လှမ်းမီရေးအတွက် ကူညီ ပံ့ပိုး ရေးဆိုင်ရာဝန်ဆောင်မှု များဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ကြောင်း သတိပြုရန်အရေးကြီးပါသည်။ ဥပမာ ချက်သမ္မတနိုင်ငံတွင် ၁၉၉၁ ခုနှစ် တရားဥပဒေပြင်ပ လုပ်ဆောင်မှုများအပေါ် ပြန်လည် ထူထောင်ရေးဥပဒေ ထုတ်ပြန်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ တွင် လည်း ၂၀၁၃ ခုနှစ်၌ Republic Act ကို ပြဋ္ဌာန်းခဲ့ပြီး ယခင်အာဏာရှင်ဟောင်း သမ္မတမားကို့စ်လက်ထက်က ကျူးလွန်ခြင်းခံခဲ့ရသူများ အတွက်ပြန်လည် ကုစားပေးရေးကိုလုပ်ပေးနေသည်။ ကိုလံဘီယာနိုင်ငံတွင်လည်း ငြိမ်းချမ်းရေး စကားပြောနေစဉ်တွင်းမှာပင် Victim Law ထုတ်ပြန်နိုင်ခဲ့ပြီး နစ်နာခဲ့ရသော ပြည်သူများကို သက်သောင့် သက်သာ ဖြစ်စေခဲ့သည့်မှာ ယနေ့ဆိုလျှင် ငြိမ်းချမ်းရေး ရသည်အထိ ဖြစ်လာပါသည်။ ချီလီနိုင်ငံတွင် ၁၉၇၃ ခုနှစ်မှ ၁၉၈၉ ခုနှစ်များအတွင်း တပ်မတော်အစိုးရက ချီလီနိုင်ငံသား များ အပေါ် ကြီးလေးသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့သည်။ တပ်မတော် အစိုးရကို ဆန့်ကျင်သည်ဟု သင်္ကာ မကင်း ရှိသူများကို ဖမ်းဆီးခြင်း၊ ညှဉ်းပန်း နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ လက်စဖျောက်ပစ်ခြင်းတို့ လုပ်ဆောင်ခဲ့ ကြသည်။ ၁၉၈၉ ခုနှစ် ရွေးကောက်ပွဲအပြီး ဒီမိုကရေစီနိုင်ငံအဖြစ်သို့ ငြိမ်းချမ်းစွာ ကူးပြောင်း နိုင်ခဲ့ ပြီးနောက် ချီလီနိုင်ငံ၏ ပထမဦးဆုံး အမှန်တရား ပေါ်ပေါက် ရေးနှင့် ပြန်လည်သင့်မြတ်ရေး အမျိုးသားကော်မရှင် ကို ဖွဲ့စည်း၍ အတိတ်ကာလ ထိခိုက်နစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းစေခဲ့သည်။ ထို့နောက် ထိုအဖွဲ့၏ အကြံပြု ချက်များ အရ ချီလီအစိုးရက ဘက်စုံ စောင့်ရှောက် ပေး ရေးနှင့် လူ့အခွင့်အရေးများ အစီအစဉ် မှတဆင့် ပြန်လည် ကုစားပေးမှုအစီအစဉ်များဆောင်ရွက်ပေးခဲ့သည်။ထိုသို့သောနည်းလမ်းများကို မြန်မာအစိုးရ၊ တပ်မတော် ခေါင်းဆောင်များ၊ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် လေ့လာပြီး ပြန်လည်ကုစားပေးရေးဥပဒေ

ပေါ်ထွက်                    လာစေရန်ကြိုးပမ်းခြင်းဖြင့်သိမ်မွေ့ပြီးလက်စားချေခြင်းမရှိသောအစိုးရ၊ တပ်မတော်ခေါင်းဆောင်များ နှင့် လူ့အခွင့် အရေးချိုးဖောက်ခြင်း ခံခဲ့ရသူများအကြား ယုံကြည်မှုတစ်ခု တည်ဆောက်နိုင်ရန် အထောက်အကူ များစွာ ဖြစ်စေ ပါမည်။ထိုသို့လုပ်ဆောင်ခြင်းသည် ငြိမ်းချမ်းရေးအတွက်လည်း များစွာ အထောက်အကူ ဖြစ်စေ နိုင် ပါမည်။[2]

ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှု၏ နောက်ထပ်စိန်ခေါ်မှုဖြစ်သော ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေး ခြင်း( Impunity Culture)သည်လည်းမြန်မာနိုင်ငံတွင်ကြုံတွေ့နေရသောအဓိကစိန်ခေါ်မှုဖြစ်သည်။ အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေတွင် ယင်းသည် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်ပတ်သက်သော ရာဇဝတ်မှု ကျူးလွန်သူများကိုအရေးယူရန်ပျက်ကွက်ခြင်းကိုရည်ညွှန်းသည်။ယင်းသည်သဘောသဘာဝအရကိုက ကျူးလွန် ခံရသူ၏အခွင့်အရေးဖြစ်သည့် တရားမျှတမှု ပေါ်ပေါက်ရေးနှင့် တရားမျှတမှုရရှိရေးကို ငြင်းဆိုသည့် သဘော သက်ရောက်နေပါ သည်။ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်သို့ တင်သွင်း သော “Impunity ကို တိုက်ဖျက်ရန် အရေးယူခြင်းမှတစ်ဆင့် ဆောင်ရွက်ခြင်းဖြင့် လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ခြင်းဆိုင်ရာ စည်းမျဉ်းများ”တွင် Impunity ကို “တရားဝင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ ရာဇဝတ်မှုကြောင်းဆိုင်ရာ၊ အရပ်ဘက်ဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ သို့မဟုတ် စည်းကမ်း ထိန်းသိမ်း ရေး ဆိုင်ရာ လုပ်ငန်းစဉ်များတွင် စွဲချက်တင်ခြင်း၊ ဖမ်းဆီးခြင်း၊ ရုံးတင်စစ်ဆေးခြင်း၊ ရာဇဝတ်မှုထင်ရှားပါက ထိုက်သင့် သည့် အပြစ်ဒဏ်ချမှတ်ခြင်းနှင့် ကျူးလွန်ခံရသူများကို လျော်ကြေးပေးခြင်းတို့ ပြုလုပ်ရန်အတွက် မည်သည့် စုံစမ်း စစ်ဆေးမှုမျှ မခံရသော ကြောင့် ရာဇဝတ်မှုကျူးလွန်သူများကို အရေးယူရန် မဖြစ်နိုင်ခြင်း”ဟု(Galuh Wandita and Karen Campbell-Nelson,2015)တွင်ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ဥပဒေပြုရေး နှင့် မူဝါဒ အပြောင်းအလဲများတွင် လူထု၏ပါဝင်ခွင့် အခန်းကဏ္ဍသည် မရှိသလောက်နည်းပါးသည်။ ဤသုတေသနတွေ့ရှိချက်များမှ ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှု (Restorative justice) သည် တရားမျှတမှုလက်လှမ်းမီရေးကို မြှင့်တင်ပေးနိုင် သောပေါင်းကူး တံတားဖြစ်ခြင်း၊ တရားစီရင်ရေးစနစ်များတွင် လိုအပ်နေသောကုစားမှုများကိုပေးနိုင်ခြင်း နှင့် ဥပဒေကွာဟ ချက်များကို သိမြင်လာနိုင်မည်ဖြစ်သည်။

## သုတေသနမေးခွန်း

- ❖ မြန်မာနိုင်ငံတွင်ရာဇဝတ်မှုကျူးလွန်ခြင်းနှင့်ပတ်သက်၍ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုမှတဆင့် ပြန်လည်ကုစားမှုပေးနိုင်ရန် တည်ဆဲဥပဒေအရ မည်သို့သောပြဋ္ဌာန်းချက်များ နှင့် အတားအဆီးများရှိနေ မည်နည်း။

## သုတေသနရည်ရွယ်ချက်များ

ဤသုတေသနသည် ရာဇဝတ်မှုဆိုင်ရာကိစ္စရပ်များတွင် ကျူးလွန်သူများကို တရားစွဲဆို အပြစ်ပေး အရေးယူခြင်းဖြင့် တရားမျှတမှုရှာဖွေခြင်းထက် ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုကို ဖော်ဆောင်ပြီး ရာဇဝတ်မှုထပ်မံကျူးလွန်ခြင်းနှင့် ကြီးလေးသောရာဇဝတ်မှုများကိုကျူးလွန်လာနိုင်ခြင်း သံသရာမှလျော့ချ နိုင် ကြောင်း နှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုသည် လူမှုသဟဇာတဖြစ်မှုသို့ဦးတည်ပြီး

[2] နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့်လူမှုတရားမျှတမှု၊ဘိုကြည်၊စက်တင်ဘာလ၊၁၆ရက်၊၂၀၂၀၊ISP Myanmar.

တရားမျှတမှု လက်လှမ်းမီရေးတွင်ပေါင်းကူးအနေဖြင့် မရှိမဖြစ်လိုအပ်ကြောင်းကိုလေ့လာခြင်းပြုရန်ရည်ရွယ်ပါသည်။

## သုတေသနနည်းလမ်းများ

ဤသုတေသနတွင် လေ့လာမှုအနေဖြင့် အပိုင်း၃ပိုင်းခွဲခြားထားပါသည်။သုတေသန မေးခွန်းဖြစ်သော ပြည်လည် ထူထောင် ရေးဆိုင်ရာတရားမှ ထိခိုက်နစ်နာခဲ့သူများများနှင့်ကျူးလွန်သူများကိုကုစားပေးရာတွင် တည်ဆဲဥပဒေအရ မည်သည့် တာဝန်ယူမှုလမ်းကြောင်းများ နှင့် အတားအဆီးများရှိနေမည်လေ့လာရာ၌ ပထမ အပိုင်းတွင် မြန်မာနိုင်ငံရှိ ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုအခန်းကဏ္ဍနှင့်ပတ်သက်၍ ကျင့်သုံး နေကြ သော ရာဇဝတ်မှုပြစ်ဒဏ်များ အကြောင်းကိုလေ့လာခြင်း၊တရားရုံးစနစ်တွင်ကျင့်သုံးနေကြသော ပြန်လည် ထူထောင်ရေးဆိုင်ရာတရားမျှတမှုသဘောဖြစ်သောကျူးလွန်သူများအပေါ်ဥပဒေအရသက်ညှာစွာစီမံဆောင်ရွက်ခြင်းအကြောင်း ကိုလေ့လာတင်ပြထားပါသည်။ ဒုတိယပိုင်းအနေဖြင့် ပြန်လည်ထူထောင်ရေး ဆိုင်ရာ တရားမျှ တမှုဖြင့် ထိခိုက်နစ်နာခဲ့သူများ များကို ကုစားပေးနိုင် သော နည်းလမ်းများနှင့် ထိခိုက်နစ်နာခဲ့သူများ များ အပေါ် မည်သည့်တည်ဆဲဥပဒေများအရ ကုစားမှုရှိနေကြောင်းကို အမှုဖြစ်ရပ် (သို့မဟုတ်) စီရင်ထုံးများနှင့်တကွ လေ့လာ သုံးသပ်ထားပါသည်။ တတိယ အနေဖြင့် မြန်မာနိုင်ငံတွင် ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုကို အကောင် အထည်ဖော်ရာတွင် ကြုံတွေ့ရနိုင်သည့် အတားအဆီးများနှင့်ကောင်းကျိုးများကို ဖြေဆိုသူများထံ မှဖြစ်စေ၊ စာပေသုံးသပ်လေ့လာခြင်းမှဖြစ်စေ လေ့လာသုံးသပ် တင်ပြသွားမည်ဖြစ်ပါသည်။

သုတေသနနည်းလမ်းအနေဖြင့် အရည်အသွေးအခြေပြုသုတေသန(Qualitative Approach)နည်းကို အသုံးပြုထားပါသည်။ သုတေသန အချက်အလက်များကိုကောက်ယူစုဆောင်းရာတွင် Primary sources အတွက် မြန်မာနိုင်ငံရှိတည်ဆဲဥပဒေများကို သုံးသပ်ခြင်း နှင့် တစ်စိတ်တစ်ပိုင်းမေးခွန်းပုံစံများဖြင့် အင်တာဗျူး မေးခွန်း ပုံစံ(Semi-structure)၊ မေးခွန်းများကို အသေးစိတ်အင်တာဗျူးမေးခြင်း (in-depth interview) နည်း ကိုအသုံးပြု၍ ရှေ့နေဆရာမ (၃)ဦး၊ Specialist for Human Rights Documentation officers (၃)ဦး၊ Paralegal (၃)ဦး ၊ အမှုသည်(၃)ဦး စုစုပေါင်း ၁၂ ဦး တို့အားမေးမြန်းစုစည်းဖော်ပြထားပါသည်။ အင်တာဗျူးတွင် ပါဝင်ကြသော ဥပဒေအထောက်အကူပြု ရှေ့နေများအနက်ဖြေဆိုသူ၂ဦးမှာ ထိခိုက်နစ်နာခဲ့သူများ(တရားလို) များဘက်မှ အမှုလိုက်ပါ ဆောင်ရွက်ပေးနေသူများ ဖြစ်သည့်အတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုအတွက် မည်သည့် ကုစား ပေးမှုများသည် ထိခိုက်နစ်နာခဲ့သူများများ အတွက် အမှန် တကယ် လိုအပ်နေကြောင်းနှင့် တရားမျှတမှု လက်လှမ်းမီ ရေးတွင် အဓိက အတားအဆီး ဖြစ်နေသော တရား စီရင် ရေးဆိုင်ရာ အချက် အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ကောင်းစွာ သိရှိနေ သောသူများဖြစ်သောကြောင့် ရွေးချယ်ရခြင်းဖြစ်ပါသည်။ ကျန်ဥပဒေအထောက်အကူပြု ရှေ့နေ တစ်ဦး သည် ကျူးလွန်သူများဘက်မှ အဓိကအမှုလိုက်ပေးသူ ဖြစ်ပြီးအင်တာဗျူးတွင်ရွေးချယ်ရခြင်းမှာ ကျူးလွန်သူများ အတွက် ဥပဒေအရ ပေးထားသည့် မျှတသော တရားစီရင်ပိုင်ခွင့်များနှင့် နောက်ထပ် ရာဇဝတ်မှု ကျူးလွန်မှု ကိုလျော့ချနိုင်ရန် မည်သို့လုပ်ဆောင်ရမည် ကို ကောင်းစွာသိရှိထားသူ ဖြစ်သောကြောင့် ရွေးရခြင်း ဖြစ်ပါသည်။ Specialist for Human Rights Documentation officers (၃)ဦး အင်တာဗျူးတွင်ရွေးချယ်ရခြင်းမှာ ကြီးလေးသောရာဇဝတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်ခံ ရခြင်းများတွင် ထိခိုက်နစ်နာခဲ့သူများများအနေဖြင့် တရားမျှတမှု ရရှိရေးနှင့်လက်လှမ်းမီရေးတွင် မည်မျှအထိ

အခက်အခဲ အတားအဆီးများကိုကြုံတွေ့နေရသည်နှင့် မည်သည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ သည် နစ်နာမှုများ အတွက် ကုစားပေးနိုင်သည်ကို ကောင်းစွာ ဖြေကြားနိုင်သူ များဖြစ်သည့်အတွက် ရွေးချယ်ရခြင်း ဖြစ်ပါသည်။ Paralegal (၃)ဦး ကို ရွေးချယ်ရခြင်း ယင်းတို့သည် တရားမျှတမှု လက်လှမ်းမီလာ အောင်ချိတ်ဆက် ကူညီဆောင်ရွက်ပေးနေသူများဖြစ်ခြင်းကြောင့် ထိခိုက်နစ်နာခဲ့သူများများအပေါ် တရား စီရင်ရေးစနစ်တွင် ကြုံတွေ့နေရသော အခက်အခဲများနှင့် ကုစားပေးမှုဆိုင်ရာ ကန့်သတ်ချက်များ ကို ကောင်းစွာဖြေဆိုနိုင်ကြ သူများဖြစ်သည်။ နောက်ဆုံးအနေဖြင့် အမှုသည် (၃)ဦး ရွေးချယ်ရခြင်းမှာ နစ်နာမှုများအတွက် တရားဥပဒေအရ ကုစားပေးမှုများသည် မည်မျှအထိစိတ်ကျေနပ်မှု ပေးနိုင်သလဲနှင့် မည်ကဲ့သို့သောပြန်လည် ကုစားပေးမှုပုံစံမျိုး ကို အဓိက လိုအပ်ကြောင်းဖြေဆိုနိုင်ကြ သူများ ဖြစ်သည့်အတွက် ရွေးချယ်ရခြင်းဖြစ်ပါသည်။ ဖြေဆိုသူများကို သင်္ကေတအနေဖြင့် ဥပဒေ အထောက်အကူ ပြု ရှေ့နေများအား (L1,L2,L3) ဟုလည်းကောင်း၊ Specialist for Human Rights Documentation officers များကို (HRD-1,HRD-2,HRD-3)ဟုလည်းကောင်း၊ Paralegal (၃)ဦးကို ( P-1,P-2,P-3) ဟုသော်လည်းကောင်း၊ အမှုသည်၃ဦးကို (S-1,S-2,S-3)ဟုလည်းကောင်း အသီးသီး သင်္ကေတပြု ထားပါသည်။Secondary sourcesအတွက် သင့်လျော်သော စာအုပ်စာတမ်းများမှ လေ့လာသုံးသပ် ခြင်းများ (Literature reviews) အပြင် လေ့လာ ဆန်းစစ် ခြင်း များ၊ ယခင် အစီရင်ခံစာများထဲမှ ပြန်လည်ထူထောင် ရေးဆိုင်ရာတရားမျှတမှု နှင့်ပတ်သက်သည့် တွေ့ရှိချက် များ ကို ပြန်လည် သုံးသပ်ခြင်း၊ အမှုဖြစ်ရပ်များ နှင့် ပညာရပ်ဆိုင်ရာဆောင်းပါးတို့ကို လေ့လာခြင်းဖြင့် ယခုစာတမ်းအား လေ့လာ သုံးသပ်ထားပါသည်။

သုတေသနမေးခွန်းများအပေါ်တွင် မိမိကိုယ်ပိုင်သဘောထားဖြင့် ပါဝင်ဆွေးနွေးဖြေဆိုခြင်း၊ကြိုတင်အသိ ပေးရယူသည့်သဘောတူညီချက်၊လျှို့ဝှက်မှု၊ဘေးအန္တရာယ်ကင်းလုံခြုံစိတ်ချမှု၊ကြားနေသဘောထား၊ ဓမ္မဓိဋ္ဌာန်ကျ မှုအပြင် ပဋိပက္ခအနေအထားသုံးသပ်သိမြင်မှု ဘေးဥပါဒ်မဖြစ်စေမှု စသည့်သုတေသနကျင့်ဝတ်များကို သုတေသန လေ့လာမှုကာလတစ်လျှောက်လိုက်နာကျင့်သုံးခဲ့ပါသည်။

## မြန်မာနိုင်ငံရှိတရားမျှတမှုလက်လှမ်းမီရေးတွင် ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှု၏ အခန်းကဏ္ဍ

တရားမျှတမှုလက်လှမ်းမီခြင်းဆိုသည်မှာ “ဒေသန္တရအဆင့် တရားဥပဒေဆိုင်ရာ ဝန်ဆောင်မှုများ ပေးရာ တွင် အမျိုးသမီးများ၊တိုင်းရင်းသားလူနည်းစုများနှင့် ထိခိုက်လွယ်မှုအရှိဆုံးလူအုပ်စုများ၏ ရပိုင်ခွင့်များကို အလေး ပေးကာ ဆောင်ရွက်ပေးခြင်းဖြင့် ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာစေရန် ပံ့ပိုးပေးခြင်း၊ ထိုလူအုပ်စုများမှ ၎င်းတို့၏ရပိုင်ခွင့်များအား တောင်းဆိုနိုင်ရန်နှင့် ၎င်းတို့၏ နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက် ပေးရန် တောင်းဆိုနိုင်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်” ဟု(Paul Doila, 2017) တွင်ဆိုထားပါသည်။။ မြန်မာနိုင်ငံတွင် တရားမျှတမှုလက်လှမ်းမီရေးအတွက် ဓလေ့ထုံးတမ်းဆိုင်ရာ တရား စီရင်ရေးစနစ် (Traditional Justice System )၊ အလွတ်သဘောဆိုင်ရာတရားစီရင်ရေးစနစ်( De facto Justice system[3] or informal justice system) နှင့် သမာရိုးကျတရားစီရင်ရေးစနစ် (Formal Justice System)တို့ကိုအသုံးပြုလျက်ရှိပါသည်။ယင်းစနစ်များအနက်ဓလေ့ထုံးတမ်းဆိုင်ရာတရားစီရင်ရေးစနစ်(Traditional Justice System )နှင့် အလွတ်သဘောဆိုင်ရာတရားစီရင်ရေးစနစ်( De facto Justice system or

[3] De Facto Justice: Prosecution by Non-State Actors in Armed Conflict, Helen Duffy.

informal justice system[4])တို့တွင် ပြန်လည်ထူထောင်ရေးဆိုင်ရာမူသဘောတရားများပါဝင်နေသည်။ဓလေ့ထုံးတမ်းဥပဒေ စနစ်များတွင် အငြင်းပွားမှုဖြေရှင်းနည်းမှာ ပြန်လည်ပေးဆပ်စေခြင်းကို ရည်မှန်းချက်ထားခြင်းထက် ယေဘုယျ အားဖြင့် ရပ်ရွာလူထု၏ ငြိမ်းချမ်းရေးကို ထိန်းသိမ်းထားနိုင်ရန်ဦးတည်သည်ဟု(Luccaro, 2016) ၏စာတမ်းက မှတ်ချက်ပြုသည်။ နိုင်ငံတကာဂျူရီလူကြီးများကော်မရှင်, (၂၀၀၈) ၏လေ့လာမှုအရ တွေ့ရှိထားသည်မှာ မြန်မာနိုင်ငံတွင် သမာရိုးကျတရားစီရင်ရေးစနစ်သည် ကုစားပေးခြင်း သို့မဟုတ် ပြန်လည်ထူထောင်ပေးခြင်း တို့ကိုရနိုင်အောင်ကူညီပေးခြင်းမရှိသလောက်နည်းပါးသည်။ထိုသို့လုပ်မည့်အစား အလျော်ပေးရန် သီးသန့်လာ ရောက်ညှိနှိုင်းခြင်း သို့မဟုတ် လာဘ်ပေးလာဘ်ယူခြင်းများကြောင့် အမှုနှင့်ပတ်သက်သည့် အရေးပါသော သက်သေများဖုံးကွယ်ခံရခြင်း သို့မဟုတ် လုံးဝအလေးမထားခြင်းတို့ကို ပြုလုပ်ကြသည်။ ထိုအကြောင်းရင်းများ ကြောင့် တရားရုံးများသည် ရာဇဝတ်မှုကြောင့်ထိခိုက်နစ်နာခဲ့သူများများကို ကုစားမှုပေးခြင်း သို့မဟုတ် ပြန်လည်ထူထောင် ပေးခြင်းတို့အတွက် အားကိုးရသောနေရာဟုမယူဆကြပေ။တရားစီရင်ရေးတွင် လွတ်လပ်မှုနှင့် တာဝန်ယူနိုင်မှု မရှိခြင်းကြောင့် ထိရောက်သော ကုစားမှုပေးခြင်း သို့မဟုတ် ပြန်လည်ထူထောင် ပေးခြင်း ကိုဆောင်ရွက်ပေးရန် ကြန့်ကြာကြသည် ဟု နိုင်ငံတကာဂျူရီလူကြီးများကော်မရှင်, 2008 က ၎င်းတို့၏ စာတမ်း" မြန်မာနိုင်ငံ တရား သဖြင့်ဖြစ်စေခြင်းနှင့်တာဝန်ခံခြင်း"တွင် အခိုင်အမာဖော်ပြထားသည်။

ပြန်လည်ထူထောင်ရေးကဏ္ဍတွင်ရာဇဝတ်မှုကျူးလွန်သူတို့အား အရေးယူရာ၌ ယေဘုယျအားဖြင့် အလားတူ ရာဇဝတ်မှုများ ထပ်မံကျူးလွန်ခြင်းများမပေါ်ပေါက်စေရန် အဓိကထားခြင်းဖြစ်သည်။ ရာဇဝတ်မှု ကျူးလွန်သူ များအား သေဒဏ်ပေးခြင်းဖြင့် လည်းကောင်း၊ ထောင်ဒဏ်ချမှတ်ခြင်းဖြင့်လည်းကောင်း ပြည်သူ လူထုအား ရာဇဝတ်မှု ကျူးလွန်သူများ၏ အန္တရာယ်မှ ထိရောက်စွာ ကာကွယ်ပေးသည်။ ပြည်သူလူထုကိုလည်း ရာဇဝတ်မှု ကျူးလွန်ပါက မလွဲမသွေကျခံရမည့် အပြစ်ဒဏ်များကိုပြသ၍ ရာဇဝတ်မှုကျူးလွန်ရမည်ကို ကြောက်ရွံ့ လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အပြင် ရာဇဝတ်မှုကျူးလွန်၍ ထောင်ဒဏ်ကျခံနေရသူများ၏ အကျင့် စာရိတ္တနှင့် စိတ်နေ စိတ်ထားများကို ပြုပြင်ပေးနိုင်ရန်လည်းရည်ရွယ်ခြင်းဖြစ် သည်။ပြန်လည်ထူထောင်ပေး ခြင်း၏ ရည်ရွယ် ချက်မှာ- ရာဇဝတ်မှုကျူးလွန် သူကိုလူ့အဖွဲ့အစည်း၏တန်ဖိုးရှိ သောအဖွဲ့ဝင်တစ်ဦးအဖြစ် အသွင်ပြောင်းပေး ရန် နှင့် ရာဇဝတ်မှုကျူးလွန် သူများအား ၎င်းတို့၏လုပ်ရပ်သည် မှားယွင်းကြောင်း သိမြင်သွားစေခြင်းဖြင့် နောက်ထပ် ရာဇဝတ်မှု ထပ်မံ ကျူးလွန်ခြင်းမရှိအောင် ကြိုတင်ကာကွယ်ခြင်းသည် မူလရည်ရွယ်ချက်ဖြစ်သည်။[5]မြန်မာနိုင်ငံ၏ သမာရိုးကျ တရားစီရင်မှုစနစ်သည် ပြစ်မှုခံအပြစ်ပေးမှု(retribution)ကိုအဓိက အားထားကျင့်သုံး နေသကဲ့သို့ ၂၀၁၉ခုနှစ် တွင် အထူးဥပဒေဖြစ်သော ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာဥပဒေတွင် ပြည်လည် ထူထောင် ရေးဆိုင်ရာ တရားမျှတမှု သဘောဆောင်သည့် ပြဋ္ဌာန်းချက်များအား ကျင့်သုံးလာသည်ကိုတွေ့ရသည်။ ပြန်လည် ထူထောင်ရေးဆိုင်ရာ တရားမျှတမှု၏ အခြေခံသည် အမှုဖြစ်အငြင်းပွား မှုကိစ္စရပ်များတွင် ကျူးလွန်သူ၊ ကျူးလွန်ခံ ရသူနှင့် လူထုပတ်ဝန်းကျင်မှ တိုက်ရိုက်ပါဝင်ဖြေရှင်းနိုင်ခြင်းဖြစ်သည်( Sahputra,2022,p.88)။

[4] informal justice system ကို "အလွတ်သဘောဆိုင်ရာတရားစီရင်ရေးစနစ်" အနေဖြင့်သော်လည်းကောင်း၊"သမာရိုးကျ မဟုတ်သောတရားစီရင်ရေးစနစ်သော်လည်းကောင်း အသုံးပြုကြသော်လည်း ယခုစာတမ်းတွင် "အလွတ်သဘောဆိုင်ရာ တရားစီရင်ရေးစနစ်"အနေဖြင့် သုံးနှုန်းထားပါသည်။

[5] ရာဇဝတ်မှုပြစ်ဒဏ်နှင့် မျှတသောတရားစီရင်ရေး၊8 JANUARY 2020၊The Daily Eleven သတင်းစာ။

ကလေးသူငယ် ဥပဒေအရ ကလေးသူငယ်များ နှင့်ပတ်သက်သော အငြင်းပွားမှုကိစ္စရပ်အပေါ်တွင် ကလေးသူငယ်၏အကောင်းဆုံး အကျိုးစီးပွားကိုရှေးရှု၍ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ စေ့စပ်ညှိနှိုင်း ဖြေရှင်း ခြင်း သို့မဟုတ် ဆုံးဖြတ်ချက် များအတူ ချမှတ်ခြင်းများ ပြုလုပ်ပါက မလိုလားအပ်သည့် တရားစွဲဆိုမှုများ ၊ ရာဇဝတ်မှု ကျူးလွန် သည့် ကလေးသူငယ်မှုခင်း များ နှင့် နိုင်ငံတော်တရားစီရင်ရေးလုပ်ငန်းရှိ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချပေး ရာ ရောက် သကဲ့သို့၊ ထိခိုက်နစ်နာခဲ့သူများများ ကို အမြန် ဆုံးကုစားပေးခြင်းနှင့်ရပ်ရွာအတွင်း သင့်သင့်မြတ်မြတ် နေထိုင်မှု၊ အေးချမ်းသာယာမှုများ ကိုပံ့ပိုးကူညီ ရောက်ပါသည်။ ထို့အပြင်၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ရပ်ရွာအခြေပြု အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ် လမ်းညွှန်ချက်များကို ထုတ်ပြန်ထားချက်အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အငြင်းပွားမှု ပြဿနာများ၊ ပဋိပက္ခများကို အကြမ်းမဖက်သော နည်းလမ်းများ ဖြင့် ဖြေရှင်းရေးအလေ့အထများ ပိုမိုဖြစ်ပေါ်လာစေရေးကို များစွာအထောက်အကူဖြစ်စေပြီး ရပ်ရွာငြိမ်းချမ်း သာယာရေး နှင့် တရားမျှတမှု လက်လှမ်းမီရေးကို ဦးတည်အကောင်အထည် ဖော်ဆောင်ရွက် လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် တရားမျှတမှုအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာကုစားမှုပေးခြင်း နှင့်ပတ်သက်၍ သီးသန့်ပြဋ္ဌာန်းပေးထားသောဥပဒေများနှင့်မူဝါဒများမရှိသေးပေ။လက်ရှိတွင် ခေတ်အဆက်ဆက် တရားမျှတမှု လက်လှမ်းမီရေးအတွက် ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာတရားစီရင်ရေးစနစ် (traditional justice system)၊ သမာရိုး ကျ တရားစီရင်ရေး စနစ်( formal justice system)နှင့် အလွတ်သဘောဆိုင်ရာတရားစီရင်ရေးစနစ် (De facto or Informal justice system)များကိုကျင့်သုံး၍ သေးငယ်သောအငြင်းပွားမှုများကိုဖြေရှင်းခြင်းနှင့် ကြီးလေးသော ရာဇဝတ်မှုဆိုင်ရာမှုခင်းများတွင် တရားမျှတမှုရရှိစေရန်ဆောင်ရွက်ရာ၌ အဓိကအားဖြင့် ကျင့်သုံး ဆောင်ရွက် ကြသည်။မြန်မာနိုင်ငံတွင် ဒေသအလိုက်ကျင့်သုံးနေကြသော မတူညီသည့် တရားစီရင်ရေးပုံစံများစွာရှိနေပြီး သမာရိုးကျတရားစီရင်ရေးစနစ်ကိုသာ မြန်မာနိုင်ငံ၏ တရားဝင်တရားစီရင်ရေး အဖြစ်သတ်မှတ်ထားသော ကြောင့် တရားမျှတမှုလက်လှမ်းမီရေးတွင် ကန့်သတ်ချက်များစွာရှိနေသည် (DIIS.DANISH INSTITUTE FOR INTERNATIONAL STUDIES, The Enlightened Myanmar Research Foundation and Aarhus University, 2017)။၉၇ရာခိုင်နှုန်းသောအင်တာဗျူးဖြေဆိုသူများမှပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုနှင့်ပတ်သက် ၍ မြန်မာ နိုင်ငံ၏တရားစီရင်ရေးစနစ်သည် အပြစ်ရှိရင် ကျူးလွန်သည့်ရာဇဝတ်မှုပေါ်မူတည်ပြီး ပြစ်ဒဏ်ချမှတ်သည့် စနစ်ကိုခေတ်အဆက်ဆက်ကျင့်သုံးနေကြသည်။အမှန်တကယ်တွင်ရပ်ရွာတွင်းငြိမ်းချမ်းရေးကိုတည်ဆောက် နိုင်ဖို့အတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာတရား မျှတမှု ကဲ့သို့သော ကုစားပေးရေး အစီစဉ်များစွာကိုအစိုးရ အနေဖြင့် ပြဋ္ဌာန်းဆောင်ရွက်ပေးနိုင်ဖို့လိုအပ်ကြောင်းကို ဖြေဆို ထားကြသည်။ ၃ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုနှင့်ပတ်သက်၍ မကြားဖူးကြောင်းနှင့်နားမလည်ကြောင်းကို ဖြေဆို ထားပါသည်။ရာဇဝတ်မှုဆိုင်ရာကိစ္စရပ်များတွင် အမှုလိုက်ပါ ဆောင်ရွက်ပေးနေသော ရှေ့နေ၃ဦးနှင့် paralegal၁ဦး တို့၏ ဖြေဆိုချက်များအရ မြန်မာနိုင်ငံ၏ ပြန်လည်ထူထောင် ရေးဆိုင်ရာတရား မျှတမှု သည် လက်ရှိတွင် မရှိမဖြစ် လိုအပ်သော်လည်း ယင်းနှင့်ပတ်သက်သော အကောင်အထည် ဖော်ဆောင်ရွက်မှုမှာ မရှိသလောက် နည်းပါးသည်။ အထူးသဖြင့် ရာဇဝတ်မှုဆိုင်ရာတရားစီရင်ယန္တရားတွင် ရာဇဝတ်မှုငယ်များကို ကျူးလွန်သောကိစ္စရပ်များအတွက်

ရဲခံဝန်ချုပ်ပေးခြင်း[6]၊ ရဲအာမခံ ပေးခြင်း[7]၊ တရားရုံးမှ အာမခံပေးခြင်း၊ ခံဝန်ချုပ် ဖြင့်အစမ်းလွှတ်ခြင်း နှင့်ဆိုဆုံးမ၍ လွှတ်ခြင်း တို့သည် ပြဋ္ဌာန်းချက် အနေဖြင့်သာ တည်ရှိပြီး လက်တွေ့တွင်အမှန် တကယ်ကုစားခွင့်များကို မရရှိ နေဘဲ လာဘ်ပေးလာဘ်ယူမှုများကြောင့် အမှုများ ပိုမိုကြန့်ကြာစေခြင်းနှင့် အကျဉ်း ထောင်သားဦး ရေကိုသာ ပိုမို၍ တိုးပွားလာစေကြောင်းကိုဖြေဆိုထားကြပါသည်။ သုတေသနအင်တာဗျူးမေးခွန်းဖြစ်သည့်"တရားမျှတမှုလက်လှမ်းမီရေးကိုမြှင့်တင်ရန် ပြည်လည်ထူထောင်ရေး ဆိုင်ရာတရားမျှတမှုသည် အရေးကြီးပါသလား" ဆိုသောအပေါ်တွင် ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှု ကဏ္ဍသည် အရေးကြီးကြောင်း ဖြေဆိုသူအားလုံးမှလက်ခံထားကြပြီး တရားရုံးများအနေဖြင့် ကုစားခွင့်ပေးခြင်းနှင့် ပတ်သက်၍ ဖြေဆိုသူ L-1 မှ

> **" ဥပဒေရေးရာကုစားခွင့်ရတိုင်း တရားမျှတမှုရရှိတယ်လို့ မဆိုနိုင်ပါဘူး။ရာဇဝတ်မှုတစ်ခုမှာ ကျူးလွန်သူ က ထောင်ကျသွားခြင်းသည် ဥပဒေအရ ကုစားခွင့်ရခြင်းသာဖြစ်ပြီး တရားမျှတမှု ရစေဖို့ ဆိုလျှင် ကျူးလွန်ခံ ရသူ ကိုပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အညီ ကူညီဖေးမ ပေးနိုင်ဖို့လိုအပ်ပါတယ်။" ဟု ဖြေဆိုထားပါသည်။**

ပြည်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှု လုပ်ငန်းများဖော်ဆောင်ရာတွင် ထိခိုက်နစ်နာခဲ့သူများများ၏ လိုအပ် ချက် ပေါ်မူ တည်၍ပြန်လည်ဖြည့်ဆည်းပေးဖို့ လိုအပ်သလို၊ကျူးလွန်ခဲ့သူများကို လူမှုအသိုင်း အဝိုင်း တွင် အကျိုး ပြု သော ကောင်းမွန်သည့်လူတစ်ယောက်ဖြစ်လာစေရန်အတွက် ထိန်းကျောင်းပြုပြင်ပေး သည့်စနစ်ကို တည်ဆောက် ရန်လို အပ်နေကြောင်း ဖြေဆိုသူအားလုံးမှနားလည်လက်ခံကြပါသည်။

## ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှု၏ကုစားပေးမှုများနှင့်မြန်မာနိုင်ငံ၏တည်ဆဲ

### ဥပဒေအရကုစားပေးမှုများ

ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုလုပ်ငန်းစဉ်တွင် ရာဇဝတ်မှုများ၊တရားမမှုများနှင့် လူ့အခွင့် အရေး ချိုးဖောက်ခံရမှု များကြောင့် ထိခိုက်နစ်နာခဲ့ရသူများကို ကျူးလွန်ခဲ့သူ (နိုင်ငံတော်၊ အဖွဲ့အစည်း၊ ပုဂ္ဂလိက တစ်ဦးချင်း) မှတာဝန်ယူ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကိုပြုလုပ်ဆောင်ရွက်ပေးရမည်။ ထိခိုက်နစ်နာ သူများ အား ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှမှုအရ-(၁)ပြန်လည်ကုစားပေးလျော်မှု (reparations)သည် အလွန် ရိုးရှင်းသောစကားလုံးဖြစ်ပြီး လူ့အခွင့်အရေးချိုးဖောက်ခံရသူ နှင့် ရာဇဝတ်မှုများ ကြောင့်နစ်နာခဲ့ သူများ အတွက် ပြန်လည်ပြုပြင်ရန် (သို့မဟုတ်) ကုစားပေးနိုင်ရန်ကူညီပေးသည့်အရာကိုဆိုလိုသည်။ လုံလောက်ပြီး ထိရောက် လျင်မြန်သော ပြန်လည်ပြင်ဆင်ပေးမှု ဆိုသည်မှာ ပြန်လည်ပြင်ဆင်ပေးမှုအား

---

[6]ရာဇဝတ်ကျင့်ထုံးဥပဒေ၅၃(၁)အရခံဝန်ပေးခြင်းနှင့်အမှုစစ်ရဲအရာရှိတို့သည် ဝရမ်းမပါဘဲဖမ်းဆီးထားသူအားပြန်လွှတ် ခြင်းနှင့်အာမခံပေးခြင်းတို့ပြုလုပ်ကြသောအခါ ခံဝန်ချုပ် ပုံစံ(၂)မျိုးရှိသည်။ကျင့်ထုံးပုဒ်မ ၁၆၉ နှင့် ၁၇၀(၁) အရပေးကြ သည်။

[7] ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ၄၉၇(၁)အရ ရာဇဝတ်မှုသည် သေဒဏ်၊တစ်သက်တစ်ကျွန်းဒဏ်ထိုက်သင့်သောပြစ်မှုဖြစ်ပါ ကအာမခံမပေးနိုင်ပါ၊ယင်းပြစ်မှုမျိုးမဟုတ်မှသာလျှင် အာမခံခွင့်ပေးခွင့်ရှိသည်။သို့သော်ချွင်းချက်အရအသက်၁၆နှစ် အောက်ရှိသူ၊အမျိုးသမီး၊ဖျားနာသူ၊ချည့်နဲ့နေသူဖြစ်လျှင်အာမခံပေးရန်စဉ်းစားနိုင်သည်။

ချိုးဖောက်မှု(များ)နှင့် ခံစားရ သောထိခိုက်နစ်နာမှုတို့၏ ပြင်းထန်မှု ပမာဏနှင့်ညီမျှထိုက်တန်အောင် သတ်မှတ်လျက် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများအား တရားသဖြင့်ပြန်ဖြစ်စေခြင်းဖြင့် တရားမျှတကိုမြှင့်တင်ရန် ရည်ရွယ် ထား ကြောင်း၊ ပြန်လည်ကုစားမှု နှင့်ပြန်လည်ပြင်ဆင်ပေးမှုရရှိခွင့်ဆိုင်ရာ ကုလသမဂ္ဂအခြေခံ စည်းမျဉ်းများ နှင့် လမ်းညွှန်ချက် များ (UN Basic Principles and Guidelines on the Right to a Remedy and Reparation) တွင် ဖော်ပြ ထား ပါသည်(ပြန်လည်ကုစားမှုနှင့်ပြန်လည်ပြင်ဆင်ပေးမှုရရှိခွင့်ဆိုင်ရာ ကုလသမဂ္ဂအခြေခံစည်း မျဉ်းများ နှင့် လမ်းညွှန်ချက်များ (UN Basic Principles and Guidelines on the Right to a Remedy and Reparation)၊ အပိုဒ်၁၅-၂၃ နှင့် ICJ ကျင့်သုံးလုပ်ဆောင်သူများလမ်းညွှန်အမှတ်၂၊ အထူး သဖြင့်အခန်း (၅)၊ (၆) နှင့်(၇) တို့ကို ကြည့်ပါ)။[8] ရည်ရွယ်ထားကြောင်း၊ ပြန်လည်ကုစားမှု နှင့်ပြန်လည်ပြင်ဆင်ပေးမှုရရှိခွင့်ဆိုင်ရာ ကုလသမဂ္ဂ အခြေခံ စည်းမျဉ်းများ နှင့် လမ်းညွှန်ချက်များ (UN Basic Principles and Guidelines on the Right to a Remedy and Reparation) တွင် ဖော်ပြထားပါသည်။[9] ထိရောက်မှုရှိသောပြန်လည်ပြင်ဆင်ပေးမှုဆိုသည်မှာ-[10]

• ချိုးဖောက်မှုမကျူးလွန်မီက ကျူးလွန်ခံရသူ၏ မူလအခြေအနေအတိုင်းနီးပါး တတ်နိုင်သမျှ ပြန်လည်ဖြစ် စေရန် ရည်ရွယ်သော မူလအခြေအနေအတိုင်း ပြန်လည်ထားရှိခြင်း (Restitution)၊

• ဆေးဝါးနှင့် ပြန်လည်ထူထောင်ရေးအသုံးစရိတ်များ၊ ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာထိခိုက်မှုမှ ပေါ်ပေါက် လာသော ငွေကြေးအရနှင့် ငွေကြေးအရမဟုတ်သောနစ်နာမှုများ၊ ဝင်ငွေများဆုံးရှုံးမှုနှင့် ဝင်ငွေအလားအလာ ဆုံးရှုံးမှုနှင့် အလုပ်အကိုင်နှင့် ပညာရေးစသောအခွင့်အလမ်းများဆုံးရှုံးခြင်း အတွက်အပါအဝင်) မျှတလုံလောက် သောငွေကြေး လျော်ကြေးပေးစေလျက် လျော်ကြေးပေးခြင်း(Compensation)၊ ကျူးလွန်ခံရသူများအတွက် ပြန်လည်ထူထောင်ရေးကို တတ်နိုင်သမျှကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနေစဉ် တစ်ချိန်တည်းမှာပင် ကျူးလွန်ခံရသူ၏ ထိခိုက်နစ်နာမှုအချို့ကို ပြန်လည်ဖြည့်ဆည်းပေးသလို ကျူးလွန်သူကိုလည်း တာဝန်ခံစေ နိုင် မည့် လူမှုဆိုင်ရာ အပြုသဘောဆောင် နည်းလမ်းတစ်ခုလည်း ဖြစ်သည်။ နစ်နာကြေးဆိုရာတွင် ခံစားခဲ့ရသော ထိခိုက်နစ်နာမှု သို့မဟုတ် ဆုံးရှုံးမှုအတွက် ပစ္စည်း သို့မဟုတ် ငွေကြေး ပြန်ပေးခြင်း၊ကျူးလွန်ခံရခြင်း ကြောင့် ဖြစ်သော ကုန်ကျစရိတ်များကိုပေးလျော်ခြင်း၊ ဝန်ဆောင်မှုများ ထောက်ပံ့ ပေးခြင်းနှင့်အခွင့်အရေးများ ပြန်လည် ရရှိစေ ခြင်း တို့လည်းပါဝင်သည်။[11]

ပြန်လည်ထူထောင်ရေးဆိုင်ရာကုစားပေးမှုနှင့်ပတ်သက်သော သာဓကအမှုအနေဖြင့်“၂၀၁၉ ခုနှစ် မေလ တွင်ဗစ်တိုးရီးယား(နာမည်လွှဲ)အမှုဖြစ်စဉ်၌ နေပြည်တော်တွင်ဖြစ်ပွားခဲ့သော မှုကြိုကျောင်းက

[8] ပြန်လည်ကုစားမှုနှင့်ပြန်လည်ပြင်ဆင်ပေးမှုရရှိခွင့်ဆိုင်ရာကုလသမဂ္ဂအခြေခံစည်းမျဉ်းများနှင့်လမ်းညွှန်ချက်များ( UN Basic Principles and Guideline on the Right to a Remedy and Reparation)၊အပိုဒ် ၁၅။

[9] ပြန်လည်ကုစားမှုနှင့်ပြန်လည်ပြင်ဆင်ပေးမှုရရှိခွင့်ဆိုင်ရာကုလသမဂ္ဂအခြေခံစည်းမျဉ်းများနှင့်လမ်းညွှန်ချက်များ( UN Basic Principles and Guideline on the Right to a Remedy and Reparation)၊အပိုဒ် ၁၅။

[10] ပြန်လည်ကုစားမှုနှင့်ပြန်လည်ပြင်ဆင်ပေးမှုရရှိခွင့်ဆိုင်ရာ ကုလသမဂ္ဂအခြေခံစည်း မျဉ်းများနှင့် လမ်းညွှန်ချက်များ (UN Basic Principles and Guidelines on the Right to a Remedy and Reparation)၊ အပိုဒ်၁၅-၂၃ နှင့် ICJ ကျင့်သုံးလုပ်ဆောင်သူများလမ်းညွှန်အမှတ်၂၊ အထူး သဖြင့်အခန်း (၅)၊ (၆) နှင့်(၇) တို့ကို ကြည့်ပါ။.

[11] ရာဇဝတ်မှုကျူးလွန်ခြင်းခံရသူများနှင့် အာဏာအလွဲသုံးစားမှုများအတွက် အခြေခံတရားမျှတမှုဆိုင်ရာ ကုလသမဂ္ဂကြေညာ စာတမ်း၊အထွေထွေလာခံဆုံးဖြတ်ချက် ၄၀/၃၄၊၂၉ နိုဝင်ဘာ ၁၉၈၅။

အသက်(၃)နှစ် အရွယ် ကျောင်းသူတစ်ဦး၏ ကျောင်းတွင်းလိင်ပိုင်းဆိုင်ရာအဓမ္မပြုကျင့်ခံရမှုတွင် သံသယဖြင့် အောင်ကျော်မျိုး (ခ) အောင်ကြီး ကို ဖမ်းဆီးခဲ့သည်။အမှုရင်ဆိုင်ပြီး ၆လအကြာ ဒီဇင်ဘာလတွင် အောင်ကျော်မျိုး (ခ) အောင်ကြီး ကို တရားရုံး မှ ရာဇဝတ်မှုကျူး လွန်ကြောင်းမပေါ်ပေါက်သည့်အတွက် တရားရှင်လွှတ်ခဲ့ပါသည်။ တရားခံဖော်ထုတ် နိုင်ခြင်း မရှိသေးသည့်နိုင်ငံ ကျော် ဗစ်တိုးရီးယားအမှုတွင် နှစ်ကြိမ်တိုင် ဖမ်းဆီးခံရပြီး မုဒိမ်းမှု ပုဒ်မ ၃၇၆ ဖြင့် (၆)လကျော်ကြာ အချုပ်သားဘဝဖြင့် တရားရင်ဆိုင်ခဲ့ရသော ကို အောင်ကျော်မျိုး (ခ) အောင်ကြီး က “မမှန်မကန်တရားစွဲဆိုချုပ်နှောင်ခံရသည့်အတွက်” တာဝန်ရှိသူ ရဲချုပ် (ရဲဒုတိယဗိုလ်ချုပ်ကြီး အောင်ဝင်းဦးအား နာမည်တပ် စွဲပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့”ထံမှ နစ်နာကြေး ကျပ်သိန်း ၅,၀၀၀ ရလိုကြောင်း တရားပြန်စွဲဆိုခဲ့ သော အမှုတွင် ကိုအောင်ကြီး၏အဆိုလွှာကို တရားရုံးမှလက်ခံခဲ့သောအမှုဖြစ်ပါသည်။” အထက်ပါ အမှုဖြစ်စဉ်တွင် မှားယွင်းစွာစွပ်စွဲခံရသူ ကိုအောင်ကြီးအနေဖြင့် ရာဇဝတ်မှုစွဲဆိုချက်မှတရားရှင်လွှတ်မြောက်ခဲ့ရပြီး ဂုဏ်သိက္ခာ ကျဆင်းမှုကိုလည်းပြန်လည်ရယူနိုင်ခဲ့ပါသည်။ တရားရင်ဆိုင်နေရစဉ်အတွင်း ကြုံတွေ့ခံစားခဲ့ရသည့် အမျိုးမျိုး သော ထိခိုက်နစ်နာခံရမှုများနှင့် ပြင်းထန်သောရာဇဝတ်မှုဖြင့် မှားယွင်းစွာဆိုစွဲခံခဲ့ရသည့်အတွက် တာဝန် ရှိသူများ အားနစ်နာကြေး ရလိုကြောင်း ကို”တရားမနစ်နာမှု”[12]ဖြင့် စွဲဆိုခဲ့ရာ တရားရုံးမှ လက်ခံခဲ့ခြင်းကို ကြည့်ခြင်း အားဖြင့် ထိခိုက်နစ်နာခဲ့သူများအပေါ် အသိအမှတ်ပြုခြင်း နှင့် ဂုဏ်သိက္ခာအရ ထိခိုက်နစ်နာမှုအပေါ် တစ်စိတ်တစ်ဒေသ ပြန်လည် ကုစားမှုပေးနိုင်ခဲ့သည်။သို့သော်ယင်းသို့ တရားရုံးမှပြန်လည်ကုစားပေးခြင်းသည် ပြန်လည် ထူထောင် ရေးဆိုင်ရာ တရားမျှတမှုသဘောသို့ဦးတည်နေသည် အဘယ်ကြောင့်ဆိုသော် အောင်ကြီးအမှု၏ တရားပြိုင် နေရာ တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဖြစ်ပေမယ့် တာဝန်ရှိသူနေရာမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်အောင်ဝင်းဦး ဖြစ်သည်ဟု ပြန်လည်စွဲဆိုထားသည်ကိုကြည့်ခြင်းအားဖြင့် ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှု၏အခြေခံမှုဖြစ်သော ထိခိုက်နစ်နာအောင်ပြုလုပ်သောသူမှ မိမိ၏အမှားကြောင့်ထိခိုက်နစ်နာခဲ့ရသူကို ပြန်လည်တာဝန်ခံခြင်းဆိုသည့် အချက်ကိုထင်ဟပ်စေသည်။

ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှု၏ရည်ရွယ်ချက်တွင် ထိခိုက်နစ်နာခဲ့ ရသူများအပေါ် တွင် သာမက နှင့် ကျူးလွန်သူများအပေါ်တွင်လည်း လိုအပ်သောပြန်လည်ကုစားပေးမှုများရှိရမည်ဖြစ်သည် (Ogugua V.C Ikpeze and Martina Oluchi Ezeh)။ထို့ကြောင့် ရာဇဝတ်မှုကျူးလွန်သူများကို တည်ဆဲဥပဒေအရ အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေးဟူသည့် တရားစီရင်ရေး ဆိုင်ရာမှု[13]နှင့်အညီ အပြစ်ပေးရခြင်းဖြစ်သည်ဟုပြည်ထောင်စုတရားစီရင်ရေး ဥပဒေ ပုဒ်မ ၃(ဆ)တွင်ဖော်ပြထားပါသည်။ ရန်ကုန်မြို့၊ ၂၀၀၄ခုနှစ်၊ရာဇဝတ်မှုဆိုင်ရာပြင်ဆင်မှု၊တရားရုံးချုပ်တရားသူကြီးဦးခင်မောင်အေးရှေ့တွင်၊မောင်ထွန်းထွန်း တင် ဝင်း ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ(၂) စီရင်ထုံးအရ- ဗီဒီယိုခွေအငှားဆိုင်တွင် အခွေငှားပြီး မိမိတို့စီး လာသော ကားဆီသို့ ပြန်လာစဉ် သာကေတမြို့နယ်မှ ထွန်းထွန်းတင်ဝင်းနှင့် ကျော်မျိုးအောင်တို့က မွန်မွန်လှိုင် အား အတင်းဆွဲရမ်းခြင်းပြုလုပ်ရာ မွန်မွန်လှိုင်က ရန်းကန် အော်ဟစ်သဖြင့် မိခင်နှင့် မောင်ဖြစ်သူ တို့က ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်မှ ထွန်းထွန်းတင်ဝင်းတို့နှစ်ဦး ထွက်ပြေး သွားခဲ့ကြသည်။ ထွန်းထွန်းတင်ဝင်းတို့က ဆွဲရမ်းသဖြင့် မမွန်မွန်လှိုင်၏ ရင်ဘတ်အောင့်ပြီး ဝဲဘက် ဒူးဆစ်၌ ဒဏ်ရာ များရရှိ၍ ထွန်းထွန်းတင်ဝင်း နှင့် ကျော်မျိုးအောင်တို့ကို အရေးယူပေးရန် လသာရဲစခန်းတွင် မမွန်မွန်လှိုင်က တိုင်ချက်

[12] တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၀ အရစွဲဆိုခြင်းဖြစ်သည်။

[13] ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊၂၀၁၀၊ပုဒ်မ၃(ဆ)

ရေးဖွင့်ခဲ့သောအမှု ဖြစ်သည်။ရာဇဝတ်မှုထင်ရှား စီရင်သော်လည်း ပြစ်ဒဏ်ချမှတ်ခြင်း မပြုဘဲတရားခံ ထွန်းထွန်းတင်ဝင်းနှင့် ကျော်မျိုးအောင်တို့ကို ၃-နှစ်ကာလအတွင်းငြိမ်ဝပ်စွာနှင့် ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ပါ မည်ဟူသော ခံဝန်ချက်ဖြင့် ငွေကျပ် ၅ သိန်းတန် အာမခံသူနှစ်ဦးနှင့် ခံဝန်ချုပ်၍ အစမ်းလွှတ်စေဟု အမိန့်ချမှတ်ခဲ့သည်။

ဤအမှုတွင် ၇နှစ်ထက်မပိုသော ပြစ်ဒဏ်ဖြစ်ခြင်း၊ပထမအကြိမ် ကျူးလွန်ခြင်း၊အကျင့်စာရိတ္တကောင်းမွန် ခြင်းနှင့် ယခင်ကပြစ်မှုဟောင်းမရှိခြင်းကြောင့် တရားရုံးမှ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၆၂(၁)အရချမှတ်ခြင်းဖြစ်သည်။ ယင်းခဲ့သို့ ခံဝန်ချုပ်ဆို၍ အစမ်းလွှတ်ခြင်းသည် တရားခံအပေါ် အပြစ်မရှိ၍လွှတ်သည့်အမိန့်များမဟုတ်ဘဲ အပြစ်ရှိ ကြောင်းဆုံးဖြတ်ပြီးနောက်မှ ပြစ်ဒဏ်ကိုချက်ချင်းမပေးဘဲ ခံဝန်ချုပ်ဆို၍လွှတ်သောပြစ်ဒဏ်သက်ညှာသည့်နည်း လမ်းဖြစ်သည်။ခံဝန်ချုပ်ပါ စည်းကမ်းချက်တစ်စုံတစ်ရာကိုချိုးဖောက်ပါကဒဏ်ငွေကိုဖမ်းဆီးရန် ဝရမ်းထုတ်ဆင့်နိုင်
ကြောင်းလည်းရာဇဝတ်ကျင့်ထုံးပုဒ်မ၅၆၃(၁)တွင်ဖော်ပြထားပါသည်။ထို့ကြောင့်ခံဝန်ချုပ်ဆို၍အစမ်းလွှတ်
ပေး
ခြင်းနည်းလမ်းမှာသက်ညှာခြင်းဖြစ်သည်။ပြစ်ဒဏ်သက်ညှာခြင်းသည်လည်းကျူးလွန်သောရာဇဝတ်မှု၏အတိမ်အနက်ကိုကျင့်သုံးခြင်းဖြစ်သောကြောင့် ယင်းနည်းလမ်းသည်လည်း ပြန်လည်ထူထောင်ရေး ဆိုင်ရာတရားမျှတမှု၏ ရာဇဝတ်မှုထပ်မံကျူးလွန်ခြင်းကိုဟန့်တားရန်နှင့် ကျူးလွန်သူကိုပြန်လည်တည့်မတ်ထိန်းကျောင်းပေးခြင်း ရည် ရွယ်ချက်ကိုဖြစ်ပေါ်စေသည်။ ခံဝန်ချုပ်ဆိုသောတရားခံသည်လည်း ဖောက်ဖျက်ပါက ငွေမည်မျှ ပေးလျော် ရမည် ဆိုသော မိမိကိုယ်ကိုတာဝန်ယူကြောင်းလက်မှတ်ရေးထိုးရသည်။ ဤသို့သော တရားရုံးစီရင်ချက်များကို ထောက်ရှု ကြည့်ခြင်းအားဖြင့် လူမှုသဟဇာတ ညီညွတ်မှုကို ဦးတည်သော အမိန့်များကိုချမှတ်ခြင်းသည် ရေရှည် နှစ်ဦး နှစ်ဘက်ဆက်ဆံရေးနှင့် ကျူးလွန်သူ များ၏ ဘဝရေရှည်ရပ်တည်ရေးကို ရှေးရှု၍ချမှတ်ကြောင်း မှတ်ယူ နိုင်သည်။

## ရာဇဝတ်မှုများတွင် ဥပဒေအရပြန်လည်ကုစားပေးမှုများ

ရာဇဝတ်မှုများတွင်ကျူးလွန်သောအမှုအမျိုးအစားပေါ်လိုက်၍ ပြစ်ဒဏ်များချမှတ်ကြသည်။ ပြစ်ဒဏ်ပေး ခြင်းသည် တရားစီရင်ရေးမူအရ အကျင့်စာရိတ္တပြုပြင်၍လူ့ဘောင်အတွင်းကောင်းမွန်သောဘဝသစ်ထူထောင်နိုင်
စေရန်အတွက်ရည်ရွယ်ချက်ဖြစ်သော်လည်း သေးငယ်သောရာဇဝတ်မှုများအတွက် ယင်းကဲ့သို့ပြုသမျှခံ ပြစ်ဒဏ် ပေးခြင်းနည်းလမ်းသည်မလိုအပ်ဘဲ အကျဉ်းထောင်လူဦးရေကိုပိုမိုမြင့်မားစေခြင်းနှင့်ဒုစရိုက်မျိုးစုံ၊ မကောင်းမှု မျိုးစုံနှင့် များစွာသောမကောင်းသည့်အတတ်ပညာများကို ပြစ်မှုကြီးကျူးလွန်သူများဆီမှ သင်ကြား တတ်မြောက်လာပြီး ထောင်မှပြန်ထွက်လာသည့်အခါ၌ နဂိုကထက်ပိုမိုဆိုးသွမ်းသောလူတစ်ဦးဖြစ် လာပြီး ရာဇဝတ်မှုကြီးများကို ကျူးလွန်ရန်ကြောက်ရွံ့ခြင်းမရှိ ကျူးလွန်တတ်လာကြသည်ဟု AAPP အဖွဲ့က ထောက်ပြ ထားပါသည်။ထို့ကြောင့်ပြစ်ဒဏ်ပေးခြင်းထက် ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုကဏ္ဍကိုစနစ်တကျ တိုးမြှင့်ပြီး လူ့အဖွဲ့အစည်းသို့ အကျင့်စာရိတ္တကောင်းမွန်သောလူများအဖြစ်ပြန်လာရန် ပြုပြင် ပြောင်းလဲရမည် ဖြစ်သည်။

ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုသည် ထိခိုက်နစ်နာသူနှင့်ကျူးလွန်သူအကြားတွင် သာမက ရပ်ရွာငြိမ်းချမ်းသာယာရေးကိုပါအခြေခံထားသည့်အတွက် ရာဇဝတ်မှုလျော့နည်းလာပြီး ကောင်းမွန်သောလူမှု့ အဖွဲ့အစည်း တစ်ခုတည်ထောင်နိုင်ရန် အဖက်ဖက်မှ ကုစားပေးနိုင်သည့်နည်းလမ်းများ ကိုဖော်ဆောင်ပေးရန် လိုအပ်သည်။ယင်းသို့ ဖော်ဆောင်ပေးရာတွင် ရာဇဝတ်မှုတရားမျှတမှုနှင့်ပတ်သက်၍လွတ်ငြိမ်းချမ်းသာခွင့်ပေး သည့်နည်းလမ်း၊ လျော်ကြေးပေးခြင်းနည်းလမ်း နှင့် သက်ညှာသောတရားရုံးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ကျေအေးပေးခြင်း၊ အာမခံပေးခြင်း၊ ခံဝန်ချုပ်ပေးခြင်း၊ဆိုဆုံးမ၍လွှတ်ခြင်း)တို့သည် အကျဉ်းသားလူဦးရေကို လျော့ချစေနိုင်ပြီး ကောင်းမွန်သောလူနေမှုအဆောက်အအုံဖြစ်လာစေရန်အကျိုးကျေးဇူးများဖြစ်စေနိုင်ပါသည်။

လွတ်ငြိမ်းချမ်းသာခွင့်နှင့်ပတ်သက်၍ တည်ဆဲဥပဒေများအပေါ် ခြုံငုံသုံးသပ်ရလျှင် ပြစ်ဒဏ်ကျခံ နေရသူများထဲမှ အကျင့်စာရိတ္တကောင်းမွန်လာသောစံပြအကျဉ်းသားများပေါ်တွင်သာမက မှားယွင်းစွာစွဲဆိုခံရသူ များအပေါ်တွင်လည်း နိုင်ငံတော်မှလွတ်ငြိမ်းချမ်းသာခွင့် ကဲ့သို့သော ကုစားမှုပေးခြင်းများလည်းရှိသည်။ လွတ်ငြိမ်း ချမ်းသာခွင့်ပေးခြင်းသည် အစွန်းနှစ်ဖက်တွင်တည်ရှိနေသောအရာဖြစ်နေသည်။ တစ်ဖက်မှကြည့်လျှင် ပြန်လည် ထူထောင်ရေးဆိုင်ရာတရားမျှတမှု၏ တစ်စိတ်တစ်ပိုင်းတွင် ပါဝင်သော်လည်း အခြားတစ်ဖက်တွင် ရာဇဝတ်မှု ကျူးလွန်ခဲ့သူများအား ကင်းလွတ်ခွင့်ပေးနေခြင်း နှင့် တူနေသည်။ ကျူးလွန်ခဲ့သူ အနေဖြင့် ၎င်းတို့၏ ပြုလုပ်ခဲ့မှု အပေါ် အမှန်တကယ်နောင်တရပြီး ဘဝကိုကောင်းမွန်စွာ ရှင်သန်လို သောစိတ်ဆန္ဒရှိခြင်း၊ ကျူးလွန်ခဲ့မှု အပေါ်ခွင့်လွှတ်မှုတောင်းခံခြင်း နှင့် အမှားကိုပြန်လည်ဆင်ခြင် သုံးသပ်နေသူ များအပေါ်တွင်ကုစားမှု အနေဖြင့် ပေးနိုင်သည်။တဖန်လွတ်ငြိမ်းချမ်းသာခွင့်ကို မှားယွင်းစွာ ပြစ်ဒဏ် ချမှတ်ခံရခြင်း နှင့် မတရားသော အုပ်ချုပ်မှု ကြောင့်ဖြစ်ပေါ်ခဲ့သော နစ်နာခဲ့သူများအပေါ်တွင် နောင်ကောင်းမွန် သောအုပ်ချုပ်မှု များ ရှိလာချိန်တွင် ပြန်လည် စိစစ်၍ ကျင့်သုံးအပ်သော ကုစားမှု မျိုးဖြစ်ရန်လိုအပ်သည်။ လွတ်ငြိမ်းချမ်းသာ ခွင့်နှင့်ပတ်သက်၍ တည်ဆဲဥပဒေ များအပေါ်သုံးသပ်ရမည်ဆိုလျှင်၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၀၄ အရ ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့် ပေးပိုင်ခွင့်ရှိသည်။[14] ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၄အရ နိုင်ငံတော်သမ္မတသည် သေဒဏ်ချမှတ် သည့်အမှုတိုင်းတွင် ထိုသို့ ချမှတ် ခြင်းခံရသူ သဘောမတူဘဲ သေဒဏ်မှ ရာဇသတ်ကြီးဥပဒေတွင် ပြဌာန်းထား သည့် အခြားပြစ်ဒဏ် တစ်မျိုးမျိုးသို့ ပြောင်းလဲနိုင်သည် (ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၄) ။ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၅ တွင် နိုင်ငံတော် သမ္မတသည် တစ်သက် တစ်ကျွန်းဒဏ်[15] ချမှတ်သည့်အမှုတိုင်းတွင် ထိုသို့ချမှတ်ခြင်းခံရသူသဘောမတူ ဘဲ ထောင်ဒဏ်၂၀ နှစ်မှ ၁၄ နှစ်ထိ ပြောင်းလဲ သတ်မှတ်နိုင်ပါသည်။ ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၃၇၆ အရ ပြည်ထောင်စု တရားလွှတ်တော် ချုပ်သည် ပြစ်ဒဏ်ကိုအတည် ပြုနိုင်ခြင်း၊ အခြားပြစ်ဒဏ် တစ်ရပ်ရပ်ကို ချမှတ် နိုင်ခြင်း၊ ရာဇဝတ်မှုထင်ရှားစီရင်ခြင်း ကို ပယ်ဖျက်နိုင်ခြင်း နှင့် တရားခံကို အမှုမှအပြီးအပြတ်လွှတ်နိုင်သည်။ ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ၄၀၁အရ နိုင်ငံတော် သမ္မတသည် မည်သည့် အချိန်တွင်မဆို စည်းကမ်းချက်ပါသည် ဖြစ်စေ၊ မပါသည်ဖြစ်စေ အပြစ်ဒဏ် ချမှတ်ပြီးသော တရားခံတစ်ဦးအပေါ် ပြစ်ဒဏ်တစ်ခုလုံးကိုသော် လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း

[14] ၂၀၄(က)အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးပိုင်ခွင့်ရှိသည်။(ခ)အရ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့် ပေးပိုင်ခွင့်ရှိသည်။

[15] ၂၀၁၆ခုနှစ် ရာဇသတ်ကြီးကိုပြင်ဆင်သည့်ဥပဒေတွင် ထောင်ဒဏ်တစ်သက်တစ်ကျွန်းကို ထောင်ဒဏ်နှစ်၂၀ထိ ပြောင်းလဲပြင်ဆင်ထားပါသည်။

ဆိုင်းငံ့ခြင်း၊လျှော့ပေါ့ခြင်း လုပ်ပိုင်ခွင့်ရှိသည်။ပြစ်ဒဏ် ဆိုင်းငံ့ရန်၊ လျှော့ပေါ့ရန်၊ အပြစ်ကျတရားခံက လျှောက်ထားလျှင် နိုင်ငံတော်သမ္မတ သည် စစ်ဆေးသည့်ရုံး သို့မဟုတ် ပြစ်ဒဏ်အတည်ပြုသည့်ရုံးသို့ လျှောက်လွှာကို လက်ခံသင့်၊ပယ်သင့် ၊အကြံဉာဏ် တောင်းနိုင်ပါသည်။ လက်ခံရန် သို့မဟုတ် ပယ်ရန်အကြံပေးချက်ကို အမှုတွဲနှင့် တစ်ပါတည်း တင်ပြ သည့်အခါ နိုင်ငံတော် သမ္မတသည် လုံး၀ သို့မဟုတ် စည်းကမ်းချက်ပါသော ဆိုင်းငံ့ သည့်အမိန့် သို့မဟုတ် လျှော့ပေါ့သည့်အ မိန့်ကို ထုတ်နိုင်ပါသည်။ ယင်းသို့ထုတ်ရာတွင် လျှောက်ထားသူ၏ သဘောဆန္ဒကိုလိုက်နာရန် မလိုပါ။ နိုင်ငံတော်သမ္မတသည် ယင်းသို့ အပြစ်ဒဏ် ဆိုင်းငံ့ရန်၊လျှော့ပေါ့ရန် ဆောင်ရွက်သည့်အခါ ဆောင်ရွက်ပုံ ဆောင်ရွက်နည်းကို စည်းကမ်း ချက်များနှင့်အညီ သတ်မှတ်ညွှန်ကြားနိုင်သည် (နည်းဥပဒေများကို ၁၉၄၁ ခုနှစ်၊ မြန်မာနိုင်ငံပြန်တမ်း အပိုင်း(၁)၊စာမျက်နှာ ၁၀၆)။ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၂ အရ နိုင်ငံတော်သမ္မတသည် ပြစ်ဒဏ်ကျခံလျက် ရှိသူ၏သဘောတူ ချက်မပါရှိဘဲ ချမှတ်သော ပြစ်ဒဏ် ထက်နိမ့်သော အခြားပြစ်ဒဏ် တစ်မျိုးမျိုး ကို ပြောင်းလဲ သတ်မှတ် နိုင်ပါသည်။ သေဒဏ်အစား တစ်သက်တစ်ကျွန်းထောင်ဒဏ် (နှစ်၂၀) သော်လည်းကောင်း၊ အလုပ်နှင့် အခြား ထောင်ဒဏ် သော်လည်းကောင်း ပြောင်းလဲသတ်မှတ်နိုင်ပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၁၃ တွင် ပြည်ထောင်စု ရှေ့နေချုပ်၏ လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းရာ၌ ပုဒ်မခွဲ (ခ)အရ တရားရုံးတွင် တရားစွဲဆိုထားသော ရာဇဝတ်မှု ဆိုင်ရာ အမှုတွင် အမှုတစ်ရပ်လုံးကိုဖြစ်စေ၊ စွဲချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တရားခံ တစ်ဦးဦးကိုဖြစ်စေ ရုပ်သိမ်းရန် လိုအပ်ပါ က ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။ ၎င်းပုဒ်မခွဲ(ဂ)တွင်ပင် တရားစွဲဆို တင်ပို့ခြင်း မပြုနိုင်သော ရာဇဝတ်မှု များ နှင့်စပ်လျဉ်း၍ ပိတ်သိမ်းရန် ဆုံးဖြတ်နိုင်ကြောင်းဖော်ပြ ထားသည်( ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ၁၃ (ခ)နှင့် (ဂ)၊ပုဒ်မ ၂၇ (က) နှင့် (ခ)၊ပုဒ်မ ၃၆ တို့တွင် လည်းပါ၀င် ပါသည်)။

ရာဇဝတ်မှုကျူးလွန်သူများအပေါ်တွင်
၎င်းတို့၏အခွင့်အရေးများဖြစ်သည့်အာမခံပေးခြင်းနှင့်ခံဝန်ချုပ်ပေး
ခြင်းတို့ဖြင့်ကုစားမှုပေးထားသည်။တရားခံကို ဥပဒေအရ ရသင့်ရထိုက်သောအခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန် ပြည်သူ့ရဲနှင့် တရားရုံးများက အကာအကွယ်ပေးရန်လည်း တာ၀န် ရှိပေသည်။ စွပ်စွဲခံသူရတစ်ဦးကို အာမခံပေးသည့်သဘောမှာ သာမန်အားဖြင့်ဆိုလျှင် စွပ်စွဲခံရသော တရားခံတစ်ဦးသည် ထွက်ပြေးတိမ်းရှောင်ခြင်း မဟုတ်ဟုလည်းကောင်း တရားလိုပြသက်သေများကို အမှုပျက်ပြယ်အောင် ဖျက်ဆီးခြင်းမပြုနိုင်ဟုလည်းကောင်း ရုံးက ထင်မြင်လျှင် ယင်းတရားခံအား အာမခံပေးနိုင်ပါသည်။ ယင်းသို့ အာမခံပေးရာတွင် စွပ်စွဲခံရသူတရားခံသည် အမှုတွင် ပြည်ပြည်စုံစုံ ခုခံနိုင်ရန် နှင့် အမှုစစ်ဆေးနေဆဲ သူ၏ အလုပ်အကိုင်မပျက်စေရန် သဘောလည်း ပါ၀င် ပါသည်။ အဓိက အကျဆုံးအချက်မှာ အမှုမပြီးဆုံးမီအချိန်ကာလအတွင်း ရုံးချိန်းနေ့တိုင်မပျက်မကွက် အချိန်မှန် လာရောက်ရေးပင်ဖြစ်သည်။ ထိုသို့ မပျက်မကွက် လာရောက်စေရန်အတွက် အာမခံလျှောက်ထားသော တရားခံ နှင့် အာမခံသူများသည် ခံဝန်ချုပ်ပါစည်းကမ်းချက်များကိုကောင်းစွာ သိရှိနားလည်ရန်လိုအပ်ပါသည်။ ရာဇဝတ် ဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၉၆ ၏ပြဋ္ဌာန်းချက်အရ ရာဇဝတ်မှုများတွင် စွပ်စွဲခံရသူ တရားခံအား အာမခံ မဖြစ် မနေပေး ရမည့်အခြေအနေ၌ ပြည်သူ့ရဲက ဖြစ်စေ တရားရုံးကဖြစ်စေ မလွဲမသွေ အာမခံနှင့် လွှတ်ထား ရမည် ဟုဖော်ပြထား သည်။ အထူးနှင့်အထွေထွေ ဥပဒေများအရ အာမခံပေးရမည်ဟု ပြဋ္ဌာန်းချက်မပါရှိလျှင် အာမခံမပေးဘဲ နေ၍မရပါ။ အထူးနှင့် အထွေထွေ ဥပဒများအရ မည်သည့် ရာဇဝတ်မှုများသည် အာမခံပေး ခွင့်ရ သော ရာဇဝတ်မှုများ ဖြစ်ကြောင်းကို မြန်မာနိုင်ငံဥပဒေအတွဲ ၈ - စာမျက်နှာတွင် ၃၈၇ တွင် ဖော်ပြပါရှိပါသည်။ အာမခံလုံး၀ ပေးခွင့်မရှိ သော အမှုကြီးများ တရားခံသည် အသက်၁၆နှစ်အောက် ဖြစ်လျှင် သို့မဟုတ် မိန်းမဖြစ်လျှင်

သို့မဟုတ် နာမကျန်းသူ သို့မဟုတ် ချည့်နဲ့နေသူဖြစ်လျှင် ကျင့်ထုံးပုဒ်မ ၄၉၇ (၁) အရ အာမခံ ပေးနိုင် သည်။ အမှုမစစ်ဆေးရ သေးသဖြင့် သုံးသပ်၍ မရနိုင်သေးပါက တရားရုံးသည်အမှုကို ဆက်လက်စစ်ဆေးကာ သုံးသပ်၍ ရနိုင်သောအခြေအနေတွင် အကယ်၍တရားခံသည် အာမခံမပေးနိုင်သော ရာဇဝတ်မှုကိုကျူးလွန်ကြောင်း ယုံကြည်ရန် အကြောင်းမရှိသော် လည်း အမှုကို ဆက်လက်စစ်ဆေးစီရင်ရန်ရှိနေလျှင် တရားခံကို ခံဝန်နှင့်ဖြစ်စေ ခံဝန်မပါဘဲဖြစ်စေ အာမခံနှင့် မလွဲမသွေ လွှတ်ထားရမည်ဟု ကျင့်ထုံးပုဒ်မ ၄၉၇ (၂) တွင် ပြဋ္ဌာန်းထားပါသည်။ သေဒဏ်သို့မဟုတ် တစ်သက် တစ်ကျွန်းဒဏ် ချမှတ်နိုင်သည့်အမှုကြီးများ မှတပါး အာမခံမပေးနိုင်သော ရာဇဝတ်မှုများဟူ၍ ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ဒုတိယဇယားစာတိုင် ၅ တွင် ဖော်ပြထား သည့်အမှုများတွင် ကျူးလွန်သူများကို အာမခံပေး၍ မရဟုယူဆထားကြသည်။ ဤကဲ့သို့ တရားသေစွဲမှတ်ထား၍ မရပါ။ ယင်းအမှု များတွင် တရားရုံး၏ ဆင်ခြင်တုံတရားအရ အာမခံပေးနိုင်ခွင့်ရှိကြောင်းကို ကျင့်ထုံး ပုဒ်မ ၄၉၇ (၁) (၂)တွင် ဖော်ပြ ထားသည်။[16] ၁၉၆၁ ခုနှစ်၊ရာဇဝတ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေ ပုဒ်မ၂(၂)အရ ခံဝန်ဆိုသည်မှာ-ကောင်းစွာကျင့်ကြံ နေထိုင်ရန်အနည်းဆုံးခံဝန်သူနှစ်ယောက်ဖြင့်”ခံဝန်ချုပ်” ချုပ်ဆိုနိုင် သည်ဟု ဖော်ပြထားပါသည်။ တရားသူကြီးသည် မိမိစီရင်ပိုင်ခွင့်နယ်မြေ အတွင်း၌ လူသတ်မှု၊ အိမ်ဖောက်တတ်သူ၊ ခိုးတတ် သူ၊ အတုလုပ်တတ်သူ၊ ခိုးရာပါ ပစ္စည်း လက်ခံလေ့ ရှိသူ၊ လူခိုးမှု၊ လူကိုသွေးဆောင်မှု၊ ခြောက်လှန့်တောင်းယူမှု၊ လိမ်လည်မှု၊ အကျိုးဖျက်ဆီးမှု၊ ရာဇဝတ်မှုကျူးလွန်လေ့[17]၊ အားထုတ်လေ့၊ အားပေးကူညီလေ့ရှိသူ၊ (သို့မဟုတ်) ငြိမ်းချမ်းသာယာရေး ပျက်ပြား စေ သော ရာဇဝတ်မှုများကို ကျူးလွန်လေ့၊ အားထုတ်လေ့၊ အားပေးလေ့ရှိသူ (သို့မဟုတ်) ထိုသူအား လွှတ်ထားပါက ပြည်သူတို့အတွက် ဘေးရှိသူ၊ ရှိနေသည်ဟု သတင်းရလျှင် သုံးနှစ် ထက်မပိုသော ကာလဖြင့် ခံဝန်ချုပ်စေရန်၊ ထုချေစေရန် အမိန့်ချမှတ်နိုင်ပါသည်။

ရာဇဝတ်မှုကြောင့်ထိခိုက်ထိခိုက်နစ်နာခဲ့သူများသို့လျော်ကြေးပေးခြင်းနှင့်ပတ်သက်၍လည်း

ရာဇဝတ် ကျင့်ထုံး ဥပဒေ ပုဒ်မ၂၅၀ အရ တရားလိုမှ စွပ်စွဲခံရသူ(သို့)တရားခံသို့ပေးလျော်ရသည့်လျော်ကြေးနှင့် ရာဇဝတ် ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၄၅ အရတရားခံမှ တရားလိုသို့ပေးလျော်ရသော လျော်ကြေးတို့ ပါဝင်သည်။ လျော်ကြေး ဆိုသည်မှာ တရားခံတစ်ဦး အပေါ် ပြစ်မှုထင်ရှားစီရင်ရာတွင် တပ်ရိုက်သည့်ငွေဒဏ်ထဲမှ အားလုံးကိုဖြစ်စေ၊ အချို့အဝက် ကို ဖြစ်စေ ထိခိုက်နစ် နာသူသို့ပေးစေသည့် ငွေကြေးဖြစ်သည်။လျော်ကြေးပေးရန်စွပ်စွဲချက်သည် မဟုတ်မမှန်ဖြစ်ပြီး အရေးမယူထိုက် ကြောင်း သို့မဟုတ်အနှောင့်အယှက် ဖြစ်ကြောင်းပေါ်ပေါက် ရမည်ဖြစ် သည်။[18]တရားခံအားအမှုမှ စွဲချက်မတင်မီဖြစ်စေ၊လွှတ်ခြင်းခံရပြီးနောက် အမှုအား လည်ဆယ်မှုဟုလည်း သတ်မှတ်သည့်အခါ တရားလို အပေါ် ရာဇသတ်ကြီး ပုဒ်မ၅၀၀အရ ဦးတိုက်လျောက်ထား၍ ရာဇဝတ်ကြောင်း အရဖြစ်စေ၊ ထိုသို့မမှန် မကန် စွပ်စွဲတိုင်တန်းမှုကြောင့် နစ်နာရကြောင်းဖြင့် တရားမနစ်နာမှုရလိုကြောင်းဖြင့် တရားမကြောင်း အရဖြစ်စေ စွဲဆိုနိုင်သည်။ထို့ကြောင့် အောင်ကျော်မျိုး (ခ) အောင်ကြီး က “မမှန်မကန် တရားစွဲဆိုချုပ်နှောင်ခံရသည့်အတွက်” တရားမနစ်နာကြေး ကျပ်သိန်း ၅,၀၀၀ ရလိုကြောင်းဖြင့် ကုစားမှု ရခဲ့ခြင်းဖြစ်သည်။သို့သော် ထိခိုက်ထိခိုက်

[16] ဦးဗကြိုင် (ဘီအေ၊ဘီအယ်လ်) ၊ အမှုတွဲပယ်ဖျက် ၊ ရုံးပြောင်းနှင့် အာမခံကိစ္စ ဥပဒေ သိမှတ်ဖွယ် ရာများ၊ ၂၀၁၂ ဇူလိုင် ၊ စာ ၅၂၊၅၃၊၅၄ ။

[17] ရာဇဝတ်မှုကျူးလွန်တတ်လေ့ ရှိသူများထံမှ ကောင်းစွာ အသက်မွေးရန် အာမခံတောင်းခြင်း အကြောင်းကို ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၁၀ တွင် ပြဋ္ဌာန်းထားပါသည်။

[18] ရာဇဝတ်ကျင့်ထုံး ပုဒ်မ၂၅၀(၁)တွင်ဖော်ပြထားပါသည်။

ထိခိုက်နစ်နာသူအနေဖြင့် ကုစားခွင့်ရရေး သည် မြန်မာနိုင်ငံ၏ တရားစီရင်ရေး တွင်မလွယ်ကူသောအချက်ဖြစ်သည်။ ယင်းကဲ့သို့ကုစားခွင့်ရရန် နိုင်ငံအနေဖြင့် ခိုင်မာ အားကောင်းသော တရားစီရင်ရေးစနစ်ကို အကောင်အထည် ဖော် ဆောင်ရွက်နိုင်မှု၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်အနေဖြင့် တည်ငြိမ် အေးချမ်းစွာ အုပ်ချုပ်နိုင်ရန်လိုအပ်ပါ သည်။

၂၀၂၀ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပုဒ်မ၆၁ အရ မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ခုခုကြောင့် ရာဇသတ်ကြီးပုဒ်မ ၂၇၉၊ ၃၃၇၊ ၃၃၈ သို့မဟုတ် ပုဒ်မ ၃၀၄-က အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်လျော်ကြေးပေးဆောင်စေရန်အမိန့်ချမှတ်နိုင် ကြောင်းကိုဖော်ပြပေးထားပါသည်။[19]

ပြစ်ဒဏ်များအနေနှင့်လည်းအထူးဥပဒေဖြစ်တဲ့၂၀၁၉ခုနှစ်၊ကလေးသူငယ်အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ၈၈(က)တွင် ရာဇဝတ်မှုကျူးလွန်သောကလေးသူငယ်ကို သာမန်အားဖြင့်ထောင်ချခြင်းမပြု ဘဲယင်းအစား အခြားနည်းဖြင့်ပြုစုစောင့်ရှောက်ခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့်လွှဲပြောင်းဆောင်ရွက်ခြင်း ဆိုင်ရာလုပ်ငန်းစဉ်များမရှိမှသာ နောက်ဆုံးနည်းအနေဖြင့် သဘောထားပြီး ထောင်ဒဏ်ချမှတ်ရမည်ဖြစ်ကြောင်းပြ ဋ္ဌာန်းထားသည်။ပုဒ်မ၃(ဖ)အရအခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း (Diversion) ဆိုသည်မှာ ရာဇဝတ်မှု ကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို ပြစ်ဒဏ်ချမှတ်မည့်အစား အကျင့်စာရိတ္တပြုပြင်ရေးနှင့် လူမှုအသိုင်း အဝိုင်းတွင် ပြန်လည်ဝင်ဆံ့ရေးကို ဦးတည်၍ ထိုကလေးသူငယ်အား ကလေးသူငယ်တရားရုံးသို့ တရားစွဲဆိုခြင်းမပြုမီဖြစ်စေ၊ ကလေးသူငယ်တရားရုံးတွင် အမှုစစ်ဆေးနေစဉ် ကာလအတွင်းတွင်ဖြစ်စေ ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားများအတွက် ပြောင်းလဲဆောင်ရွက်ပေးသည့် အခြား လုပ်ငန်း အစီအစဉ်များကို ဆိုလိုသည်။၎င်းအပြင် အခြားနည်းလမ်းဖြင့်လွှဲပြောင်းဆောင်ရွက်ရာတွင်သတိပေးဆုံးမခြင်း၊နှစ် သိမ့်ဆွေးပေးခြင်း၊ ရပ်ရွာအကျိုးပြုလုပ်ငန်းများတွင် ပါဝင်စေခြင်းစသည့်ကလေး၏ကောင်းကျိုးနှင့်အကျင့်စာရိတ္တ ပြောင်းလဲလာစေရန် ဦးတည်သောပြစ်ဒဏ်ကိုချမှတ်ရန်၂၀၁၉ခုနှစ်၊ကလေးသူငယ်အခွင့်အရေးကာကွယ်စောင့် ရှောက်ရေးဥပဒေပုဒ်မ၇၅(ခ)(၁)မှ(၉) နှင့် ပုဒ်မ ၈၇ တို့တွင်ပြဋ္ဌာန်းထားပါသည်။၂၀၀၁ ခုနှစ်၊ကလေးသူငယ် နည်းဥပဒေတွင်လည်း ကလေးသူငယ်အားရာဇဝတ်မှုကြောင်းအရ အရေးယူခြင်း၊ မှုခင်းများ စစ်ဆေးစီရင်ခြင်းတို့ တွင် ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုကိုအဓိကဦးတည်သောလုပ်ထုံးလုပ်နည်းများဖော်ပြပါရှိပါသည်။ ၁၉၉၃ခုနှစ်၊မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ၂၀၁၈ခုနှစ် ဥပဒေပြဋ္ဌာန်းချက်အသစ်တွင် မူးယစ်ဆေးဝါးသုံးစွဲသူကို အပြစ်ပေးအရေးယူခြင်းထက် ပြန်လည်ထူထောင်ရေး ကဲ့သို့ ပြုပြင် ရေး ဘက်သို့ဦးတည်၍ အပြစ်ပေးရာတွင် ပုဒ်မ ၁၅ အရ ဆေးဝါးသုံးစွဲသူသည် ပုဒ်မ ၉၊ ပုဒ်မခွဲ (ဆ) အရ ဤကိစ္စအလို့ငှာ ဖွင့်လှစ်ထားသော ပြုစုပျိုးထောင်ရေးစခန်း သို့မဟုတ် ပြန်လည် ထူထောင်ရေးစခန်းသို့ ပို့အပ်ထားသည့် ကာလ အတွင်း သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးစခန်း သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းက ထုတ်ပြန် ထားသော ညွှန်ကြားချက်နှင့် သတ်မှတ်ထားသည့်စည်းကမ်းချက်များကို ဖောက်ဖျက်ကြောင်း ရာဇဝတ်မှု ထင်ရှားစီရင်ခြင်းခံရလျှင်

---

[19] ပြည်ထောင်စုမြန်မာနိုင်ငံ(ဦးရွှေကြည်)နှင့် မောင်ဘညိမ်း၊၁၉၆၆ခုနှစ်၊မြန်မာနိုင်ငံတရားစီရင်ထုံး၊စာ-၁၄၃၂(တရားရုံးချုပ်)၊

လူမှုအကျိုးပြု လုပ်ငန်းများဖြစ်သည့် သစ်ပင်ပန်းမန်စိုက်ပျိုးခြင်း၊ သန့်ရှင်းရေး လုပ်ငန်း များဆောင်ရွက်ခြင်း၊ လမ်းတံတားများပြုပြင်ခြင်း၊ လူမှုရေးအဖွဲ့များနှင့် ပူးပေါင်း၍ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကြီးကြပ်သူရှေ့မှောက်၌ နှိမ့်ချခြင်း၊ ခွဲခြားဆက်ဆံခြင်း သဘောမသက် ရောက်သည့် သတ်မှတ်ထားသောဝတ်စုံကို ဝတ်ဆင်လျက်တစ်ရက် ၂ နာရီဖြင့် အနည်းဆုံး နာရီ ၂၄ဝ မှ အများဆုံး နာရီ ၃၆ဝ အထိ ကိုယ်တိုင် လုပ်အား ဖြင့်အခမဲ့ လုပ်ကိုင်ဆောင်ရွက်ရမည်ဟု ပြောင်းလဲပြင်ဆင်ထားသည်။

ရာဇဝတ်မှုဆိုင်ရာဥပဒေများနှင့်ကျင့်ထုံးဥပဒေများသည် တရားစီရင်ပိုင်ခွင့်အရ အမျိုးမျိုးကွဲပြားကြသည်။ အငြင်းပွားမှုဖြေရှင်းရေး ကိစ္စရပ်များတွင် အပြစ်ပေးခြင်းထက် ထိခိုက်နစ်နာခဲ့သူများကို ပေးလျော်စေရေးတို့ အပေါ် အဓိက ထားသည့် တရားမမှုများနှင့် မတူကွဲပြား ခြားနားသည်။ ရာဇဝတ်မှုဆိုင်ရာ လုပ်ငန်းစဉ်ကို ရာဇဝတ်မှု ကျူးလွန်ကြောင်းကို သက်သေပြခြင်းနှင့် ကျူးလွန်သူကို အပြစ်ပေးပိုင်ခွင့်ရှိခြင်းတို့ သည့်တရားဝင် လုပ်ဆောင် ချက်အဖြစ် ပုံသေသတ်မှတ်ပြဋ္ဌာန်းထားသည်။ပြစ်ဒဏ်ချမှတ်ခြင်းအားဖြင့် ရာဇဝတ်မှု ဆိုင်ရာ ဥပဒေအား ဖော်ဆောင်မှုအတွက် အများလက်ခံထားသော ရည်ရွယ်ချက်ငါးရပ်ရှိသည်။၎င်းတို့မှာ ဒဏ်ခတ်ခြင်း၊ ဟန့်တားခြင်း၊ ထပ်မံမကျူးလွန်နိုင်အောင် ပြုလုပ်ခြင်း၊ ပြန်လည်ထူထောင်ပေးခြင်းနှင့် ပြန်လည် ထိန်းသိမ်းပေးခြင်းတို့ဖြစ် သည်(ပြစ်ဒဏ်ပေးခြင်း ရည်ရွယ်ချက်များ၊ ဇူလိုင် ၂၁ ရက်ထုတ် The Daily Eleven သတင်းစာ၏ အယ်ဒီတာ့အာဘော်)။

## မြန်မာနိုင်ငံ၏ ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုတွင်ကြုံတွေ့နေရသော စိန်ခေါ်မှု အတားအဆီးများ

ထိခိုက်နစ်နာခဲ့သူများအနေဖြင့် ၎င်းတို့ကြုံတွေ့ခဲ့ရသော ရာဇဝတ်မှုအတိမ်အနက်ပေါ်မူတည်ပြီး လိုအပ် သည့်ပြန်လည်ကုစားမှုပေးရန်လိုသော်လည်း မြန်မာနိုင်ငံတွင်ယင်းသို့သောကုစားပေးရေးအစီစဉ်များကို ပြဋ္ဌာန်း သတ်မှတ်ပေးထားမှုမရှိခြင်းနှင့်နိုင်ငံရေးတည်ငြိမ်မှုမရှိခြင်းတို့သည် ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှု တွင် ကြုံတွေ့နေရသော အဓိကစိန်ခေါ်မှုဖြစ်နေသည်ဟု အင်တာဗျူးဖြေဆိုချက်များအရသိခဲ့ရပါသည်။ အထူး ဥပဒေများအပေါ်လေ့လာချက်အရ အကောင်ထည်ဖော်ဆောင်ရွက်မှုအားနည်းနေခြင်းနှင့် ဥပဒေလုပ်ငန်းစဉ် အားနည်းချက်များ ကြောင့်လည်းဖြစ်သည်။ယင်းလေ့လာချက်မှာ- ၂၀၁၉ ခုနှစ် ကလေးသူငယ်အခွင့်အရေး ဆိုင်ရာ ဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲ စေသော ဆေးဝါးများဥပဒေနှင့် ရာဇဝတ်ကျင့်ထုံးတို့တွင် ရာဇဝတ် ထပ်မံမဖြစ်ပွားစေရေးကိုဦးတည်သော ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှုဆိုင်ရာကုစားမှု အပိုင်းများ ပါဝင်သည်။သို့သော် ကလေးသူငယ်အခွင့်အရေးနှင့် ပတ်သက်၍ တရားမျှတမှု နှင့် ကုစားမှုအခွင့်အရေး များ အတွက် အထူးဥပဒေ နှင့် နည်းဥပဒေ ရှိသော်လည်း အကောင်အထည် ဖော်ဆောင်ရွက်မှု အားနည်းနေကြောင်းကို “တရားခံနှင့်အမှုမှန် မပေါ်ပေါက်ခဲ့သော ဗစ်တိုးရီးယားအမှု” တွင် အထင် အရှားပေါ်လွင်နေပါသည်။ ကလေးသူငယ် များအတွက် လုံလောက်သော ဥပဒေအကာအကွယ်မရှိခြင်း နှင့် ကုစားခွင့်မရရှိခြင်းသည် မြန်မာနိုင်ငံအနေဖြင့် ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုဖော်ဆောင်ရာတွင် အတားအဆီးများ ဖြစ်ပေါ် စေပါသည်။ထို့ပြင်ဥပဒေ၏အကာအကွယ်ကို လည်းတန်းတူ ညီမျှစွာ ရပိုင်ခွင့်ပေးရမည်” ဟုပြဋ္ဌာန်းထားရှိရာ ယင်းပြဋ္ဌာန်းချက်နှင့်အညီဥပဒေဆိုင်ရာအထောက်အကူလိုအပ်နေသူများအတွက်၂၀၁၆ခုနှစ် ဇန်နဝါရီလ ၁၈

ရက်တွင် "ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၁၀" အဖြစ်စတင် ပြဋ္ဌာန်းခဲ့ပြီးနောက် ၂၀၂၁ခုနှစ်တွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီ ဥပဒေအမှတ် ၁၉/၂၀၂၁ ဖြင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်ပြဋ္ဌာန်း ခြင်းနှင့် ၂၀၂၂ ခုနှစ်၊ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့သောကြောင့် ဥပဒေအထောက်အကူပြုသူများ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီ ပေးရေးအဖွဲ့အစည်းများအပေါ် နိုင်ငံရေးအရ လုံခြုံရေး နှင့် ပတ်သက်၍ ကန့်သတ်ချက် များရှိလာသည့်အတွက် ပြည်သူလူထုအနေဖြင့် တရားမျှလက်လှမ်းမီရေး နှင့် ဥပဒေအရ ကုစားမှု များရရှိနိုင်ရေးတွင် စိန်ခေါ်မှု ဖြစ်စေ သည်။ဥပဒေအရ ကုစားမှုမရရှိခြင်းနှင့်ပတ်သက်၍ ရှေ့နေများ၏ အင်တာဗျူး ဖြေဆိုချက်များ တွင် "မျှတသော တရားစီရင်မှု အခွင့်အရေးများမရရှိခြင်း၊ လာဘ်ပေးလာဘ်ယူမှုများကြောင့် မှန်ကန်သောစီရင် ဆုံးဖြတ်ချက် မရခြင်း၊ရဲများ၏ လုပ်ငန်းစဉ်အစဖြစ်တဲ့ အမှုဖွင့်တိုင်တန်းခြင်း တွင်ပင် ငွေလမ်း ခင်းနိုင်သူက အသာစီးရပြီး အမှုတည်ဆောက်ရာတွင် ပေါ့လျော့ခြင်း၊သက်သေများကို သေချာမစုံစမ်းခြင်း၊အမှုတွဲတွင် ပြည့်စုံသော အချက်အလက်များကိုသေချာမစုဆောင်းထားနိုင်၍ အမှုတွင်အားနည်းခြင်း၊တရားရုံးတွင် အာမခံပေးခြင်း၊ ကျေအေးခြင်း ရုပ်သိမ်းခြင်း လုပ်ငန်းစဉ် တွင်ပင် ဥပဒေအရ တန်းတူညီမျှမှုမရှိခြင်းတို့ကြောင့် တရားမျှတမှု မရရှိခဲ့ပါ။"ဟု တရားရုံးတွင်ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများကိုဖြေဆိုခဲ့ပါသည်။

ပြန်လည် ထူထောင်ရေးဆိုင်ရာ တရားမျှတမှုအတွက်ခိုင်မာသော ဥပဒေမူဘောင်မရှိခြင်းသည် ရာဇဝတ် တရား စီရင်ရေး စနစ်အတွင်း ပြစ်ဒဏ်ပေးသည့် အစီအမံများအပေါ် မှီခိုအားထားခြင်းသည် လက်စားချေ ခြင်း နှင့် ဖန်တလဲလဲ ရာဇဝတ်မှု ကျူးလွန်ခြင်း သံသရာကိုတည်တံ့စေသည် (International IDEA, 2003)။

## တွေ့ရှိချက်များ

ပြည်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုနှင့်ပတ်သက်၍ ကုစားပေးရေးနည်းလမ်းများကို သိရှိနားလည်မှုမှာ ဖြေဆိုသူ ၃ပုံတွင် ၁ပုံခန့်သာကောင်းမွန်စွာသိရှိနားလည်ခြင်းကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံတွင် ပြန်လည် ထူထောင်ရေးဆိုင်ရာတရားမျှတမှုနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရန်နှင့် ဥပဒေအရ အကောင်အထည်ဖော်မှုပိုမိုအားကောင်းလာစေရန် ပြောင်းလဲမှုအသစ်များလိုအပ်နေကြောင်းကိုလေ့လာချက်များ အရတွေ့ရှိခဲ့ရသည်။မြန်မာနိုင်ငံတွင်ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များကိုအထူးအလေးပေးသော အသိ ပညာပေးလုပ်ငန်းများကိုမတွေ့ရသည့်အတွက် နိုင်ငံတစ်နိုင်ငံ၏ ပြယုဂ်ဖြစ်သည့် ဥပဒေရေးရာကဏ္ဍ၌ပြဋ္ဌာန်းမှု မရှိသေးသည်ကို တည်ဆဲဥပဒေများအပေါ်လေ့လာချက်အရအရလည်းကောင်း စာပေသုံးသပ်ချက်များအပေါ်လေ့
လာချက်အရလည်းကောင်းတွေ့ခဲ့ရသည်။ပြည်လည်ထူထောင်ရေးဆိုင်ရာကဏ္ဍတွင်အရေးပါသည်ထိခိုက်နစ်နာသူ ဗဟိုပြု ကုစားပေးရေးအခြေအနေများကို ဖော်ထုတ်ရန်လိုအပ်လာသည့်အတွက် အစိုးရအနေဖြင့် နစ်နာမှုများကိုကုစားပေးနိုင်ရန် အဆင့်သတ်မှတ်ချက်များနည်း နည်းလမ်းများကို သိရှိနိုင်စေရန် လူထုလိုအပ်ချက် အချက်အလက်ကောက်ခံခြင်း အစီစဉ်များကိုထားရှိရန်လိုအပ်ပါသည်။ ပြန်လည်ထူထောင်ရေးတရားမျှတမှုတွင် လည်း ကောင်းကျိုးနှင့်ဆိုးကျိုးများရှိနေသောကြောင့် ကုစားမှုရေးရာလိုအပ်ချက်များကို အချိန်မီလုံလောက်စွာ ဆောင်ရွက်ပေးရန်လိုအပ်သည်။သို့မှသာလျှင်စစ်မှန်သောကုစားမှုကို ထိခိုက်နစ်နာခဲ့သူများများ သို့ပေးနိုင်မည် ဖြစ်သည်။အင်တာဗျူးဖြေဆိုမှုများအရမြန်မာနိုင်ငံအနေဖြင့်ပြန်လည်ကုစားပေးရေးကိုဖော်ဆောင်ရာတွင်ကြုံ

တွေ့ရနိုင်မည့်ကောင်းကျိုးနှင့်ဆိုးကျိုးများမှာ-ကျူးလွန်သူအနေဖြင့် မိမိလုပ်ရပ်ကြောင့် တစ်ဖက်သူ ဘယ်လောက် နစ်နာဆုံးရှုံး သွားလဲအပေါ် ခံစားစာနာပြီး မိမိလုပ်ရပ်အပေါ်တာဝန်ယူပြီး နစ်နာခဲ့သူကို တာဝန်ယူ ကုစားပေးခြင်း လုပ်ငန်းစဉ်ဖြစ်သဖြင့် ကျူးလွန်သူ၏ အပြုမှုပိုင်းစာရိတ္တပိုင်းဆိုင်ရာကောင်းမွန်တိုးတက်မှုများဖြစ်ပေါ် လာပြီး လူ့အဖွဲ့ အစည်းတွင် ငြိမ်းချမ်းရေးကိုဖော်ဆောင်လာနိုင်ခြင်း၊တရားမျှတမှုဖော်ဆောင်လာနိုင်ခြင်း ၊ပြစ်မှုများ လျော့နည်း လာခြင်း၊ထိခိုက်နစ်နာသူအတွက် တရားမျှတမှုကိုရရှိစေခြင်း၊ပြစ်ဒဏ်ပေးရေးထက် ကုစားမှုနှင့် ပြုပြင် ထိန်းသိမ်းရေး ကို အဓိကထားသောကြောင့် လူမှု့ဆက်ဆံရေးကို ရေရှည်ထိန်းသိမ်းနိုင်ခြင်း၊ အပြစ်တင် ဝေဖန်ရှုတ်ချခြင်း မလုပ်ခြင်းဖြင့် ခွဲခြားဆက်ဆံခံရမှုမရှိခြင်း၊အသက်မွေးဝမ်းကြောင်းနှင့် လူ့အဖွဲ့အစည်းတွင်း ပြန်လည်ဝင်ဆံ့ရေး လုပ်ငန်းစဉ် များကြောင့် ပြစ်မှုကျူးလွန်ခြင်းမှဟန့်တားနိုင်ခြင်း၊ဥပဒေများတွင် ပြဋ္ဌာန်း ပေးထားခြင်းကြောင့် တရားမျှတမှု နှင့်ဥပဒေစိုးမိုးမှုအားကောင်းလာခြင်း၊ဆိုးကျိုးအနေဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ပြည်သူများ၏ လူမှု့ငြိမ်ချမ်းရေးစနစ်သည်ပျက်ပြားနေသည့်အတွက် ပြန်လည် ထူထောင်ရေးလုပ်ငန်းစဉ်များကို အချိန်ကြာမြင့်စွာ လုပ်ရန်လိုအပ်နေသည်။ တရားဥပဒေစိုးမိုးပိုင်းတွင် နှောင့်နှေး ကြန့်ကြာမှုများရှိနိုင်သည်။ပြန်လည်ထူထောင်ရေး စနစ်အားကောင်းလာသော်လည်း အမှုရင်ဆိုင်ရာတွင် ပါဝါညီမျှ မှုမရှိပါက တရားမျှတမှုရရှိနိုင်မည်မဟုတ်ပေ။ ကုစားမှုအဓိကထားသောကြောင့် အမှုသည်များတွင် ခြိမ်းခြောက်ခံ ရမှုများရှိလာနိုင်သည်။ ပြန်လည်ထူထောင်ရေးတရားမျှတမှုတွင် လုံလောက်သောပံ့ပိုးမှုမရှိခြင်းသည် ပိုမိုဆိုးရွား သောရလဒ်များကိုဦးတည်စေနိုင်ကြောင်းကိုတွေ့ရပါသည်။

ပြစ်ဒဏ်ချမှတ်ခံရသူကိုပြုပြင်ပြောင်းလဲစေရန် ပညာပေးခြင်းဖြင့်လူမှု့အဖွဲ့စည်းတွင်းကောင်းမွန်စွာ တဖန်ပြန်လည်ဆက်လက်နေထိုင်နိုင်စေရေးလုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်နိုင်ရေးတွင် အောက်ဖော်ပြ အင်တာဗျူးအချက်အလက်များကိုတွေ့ရသည်။ယင်းအချက်အလက်များကိုကြည့်ခြင်းအားဖြင့် ပြန်လည်ထူထောင် ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် မတူညီသောနည်းလမ်းဖြင့် လိုအပ်အချက်အလိုက် သေချာစိစစ်ပြီး စနစ်တကျအကောင်ထည်ဖော်ရွက်နိုင်မှသာလျှင် လူအဖွဲ့အစည်းတွင်းတရားမျှတမှု လက်လှမ်းမီ လာနိုင်ပြီး တရားဥပဒေအပေါ်ယုံကြည်မှုရှိလာနိုင်မည်ဖြစ်သည်။




ထို့ကြောင့်ပြန်လည်ထူထောင်ရေးဆိုင်ရာနည်းလမ်းများဖြင့် ကုစားပေးခြင်းသည် ကြီးလေးသောရာဇဝတ်မှုများနှင့် ထပ်မံကျူးလွန်မှုအားလျော့ချရာတွင်ထိရောက်သည့်နည်းလမ်းဖြစ်သည်။[20]

## ဆွေးနွေးရမည့်ချက်များ

- မြန်မာနိုင်ငံ၏တရားစီရင်ရေးကဏ္ဍကို ပြည်သူလူထုအနေဖြင့် ယုံကြည်အားထားလာစေရန် ပြည်လည်ထူ ထောင်ရေးဆိုင်ရာတရားမျှတ၏ မည်သည့်နည်းလမ်းများကိုအသုံးပြု၍ကုစားမှုပေးနိုင်မည်နည်း။

[20] The Asia Foundation,မြို့ပြလုံခြုံမှုဆိုင်ရာစီမံကိန်း မှုခင်းကာကွယ်ရေးနောက်ခံအချက်အလက်များစာတမ်း၊

- မတူညီသောဒေသဆိုင်ရာအလေ့အထများအလိုက် တရားမျှတကိုဖော်ဆောင်ရာတွင် ပြန်လည်ထူထောင် ရေးဆိုင်ရာနည်းလမ်းများသည် ထိခိုက်နစ်နာသူများကိုမည်မျှအထိကုစားမှုများပေးနိုင်မည်နည်း။
- ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုကိုဒေသအလိုက်အကောင်အထည်ဖော်ကျင့်သုံးဆောင်ရွ က် လာနိုင်စေရန်အတွက် မည်သည့်ပြုပြင်ပြောင်းလဲမှုများနှင့်လုပ်ငန်းစဉ်များကိုဖော်ဆောင်ရမည်နည်း။

## အကြံပြုချက်များ

ပြည်သူများအနေဖြင့် တရားမျှတမှုလက်လှမ်းမီ၍ ကုစားမှုများတောင်းဆိုနိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ပြုပြင်ပြောင်းလဲသင့်သောအချက်များနှင့်ထည့်သွင်းစဉ်းစားသင့်သောအချက်များ ရှိပါသည်။ အစိုးရအနေဖြင့် လူထုလုံခြုံရေးဆိုင်ရာစီမံကိန်းများဖြစ်သည့် မှုခင်းကာကွယ်ရေးလုပ်ငန်းစဉ်များကို ဒေသအလိုက်အကောင်ထည်ဖော်ဆောင်ရွက်လာစေရန်အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ဒါ့အပြင် ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှုဖော်ဆောင်နိုင်ပြီး ပြည်သူများအနေဖြင့် တရားမျှတမှုလက် လှမ်းမီစေရေးအတွက် တရားစီရင်ရေးတွင်ပြဋ္ဌာန်းချက်များအနေဖြင့်ထည့်သွင်းစေပြီး အကောင်ထည်ဖော်ဆောင် ရွက်ရေးတွင်ပါဝင်နေသူများကို ယုံကြည်အားကိုးနိုင်ရန် လေ့ကျင့်ပံ့ပိုးပေးရမည်ဖြစ်သည်။ ပြည်သူလူထုကို ဥပဒေအသိပညာပြန့်ပွားရေးနှင့် လူထုအခြေပြုဥပဒေအထောက်အကူပြုအစီစဉ်များကို ဒေသအလိုက်မြှင့်တင် ခြင်းနည်းလမ်းဖြင့် ရေရှည်စီမံဆောင်ရွက်ပေးနိုင်ရန်လိုအပ်သည်။ပြည်သူလူထု အနေဖြင့် တရားမျှတမှု လက်လှမ်းမီရေးအားကောင်းလာစေရန် ရိုးရှင်းပြီးထိရောက်သောအုပ် ချုပ်ရေးယန္တရားအသစ်များ စနစ်တကျ ပြင်ဆင်ဖွဲ့စည်း ပေးသင့်ပါသည်။လူ့အခွင့်အရေး၊အမျိုးသမီးအခွင့်၊လူနည်းစုတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ဖော်ဆောင်သည့်ဥပဒေ သစ်များရေးဆွဲရာတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကိုပါဝင်စေသင့်ပါသည်

## နိဂုံးချုပ်

ဤသုတေသနလေ့လာချက်မှ မြန်မာနိုင်ငံတွင် ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှု ထူထောင်ခြင်းသည် တရားမျှတမှုရရှိရေးနှင့် တရားဥပဒေစိုးမိုးရေးကြား ကွာဟချက်ကို ပေါင်းကူးပေးရန်အတွက် အရေးကြီးပါသည်။ လက်ရှိ စိန်ခေါ်မှုများဖြစ်သည့် ဥပဒေပါပြဋ္ဌာန်းချက်များမရှိခြင်း၊ နိုင်ငံရေးမတည်မငြိမ်ဖြစ်မှု၊ ဥပဒေစိုးမိုးမှု အားနည်းခြင်းနှင့် အကျင့်ပျက်ခြစားမှုများသည် ထိထိရောက်ရောက် အကောင်အထည်ဖော်မှုကို ဟန့်တားနေပါ သည်။ ပြန်လည်ထူထောင်ရေးတရားမျှတမှုသည် ရာဇဝတ်မှုကျူးလွန်ခံရသူများ၏ မကျေနပ်ချက်များကို ဖြေရှင်း ပေးရုံသာမက ပြစ်မှုကျူးလွန်သူ၏ တာဝန်ခံမှုကိုလည်း အလေးပေးဆောင်ရွက်ကာ လုံလောက် သောကုစား ပေးခြင်း နှင့် လူ့အဖွဲ့အစည်း သဟဇာတဖြစ်မှုသံသရာကို မြှင့်တင်ပေးသည်။ပြစ်ဒဏ်ပေးခြင်းထက် ပြန်လည် ထူထောင်ရေးကိုသာ အာရုံစိုက်ခြင်းဖြင့် ပြန်လည်ထူထောင်ရေး တရားမျှတမှုသည် ရာဇဝတ်မှုလျှော့ချရန်၊ ရာဇဝတ်မှုကျူးလွန်ခံရသူများအား လျော်ကြေးပေးခြင်းနှင့် ရေရှည်လူမှု စည်းလုံးညီညွတ်မှုကို မြှင့်တင်ရာတွင် အထောက်အကူဖြစ်စေပါသည်။ သို့သော်လည်း ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် ဥပဒေမူဘောင် အားနည်းချက်များ၊ ဥပဒေ အသိပညာရှင် မလုံလောက်ခြင်းနှင့် လူထု၏ဥပဒေသိရှိနားလည်မှု

အကန့်အသတ်များ အပါအဝင် အုပ်ချုပ်ရေးနှင့် ဥပဒေစနစ်ပိုင်းဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန် လိုအပ်ပါသည်။ တရားစီရင်ရေး လုပ်ငန်းစဉ်များတွင် ပေးအပ်သည့် အခွင့်အာဏာချိန်ခွင်လျှာ မျှတခိုင်မာစေရေးသည် တရားမျှတမှု ရှိစေရန်အတွက် အရေးကြီးပါသည်။စိန်ခေါ်မှုများရှိ နေသော်လည်း ပြန်လည်ထူထောင်ရေးတရားမျှတမှုသည် တာဝန်ခံမှု၊ တရားမျှတမှုနှင့် ပြန်လည်သင့်မြတ်ရေးတို့၌ အမြစ်တွယ်နေသော လူ့အဖွဲ့အစည်းကို တည်ဆောက်ရန် အသွင်ကူးပြောင်းနိုင်သော အလားအလာကို ပေးစွမ်းပါသည်။ သုတေသန လေ့လာချက်အရ မြန်မာနိုင်ငံအတွင်း တရားမျှတမှုဖော်ဆောင်ရာတွင် လက်တွေ့ကျသည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အလေ့အထများကို ပံ့ပိုးပေးပြီး ပိုမိုတရားမျှတပြီး သာတူညီမျှသော လူ့အဖွဲ့အစည်းတစ်ရပ်ရရှိရန် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် ခိုင်မာ သော ပြန်လည်ထူထောင်ရေးဆိုင်ရာတရားမျှတမှု ဥပဒေမူဘောင်တစ်ရပ်ကို ဖန်တီးရန် ဦးစားပေးဆောင် ရွက်ရမည်ဖြစ်သည်။

## ကိုးကားချက်များ


- ၂၀၀၈ ခုနှစ်၊ဖွဲ့စည်းပုံအခြေခံဥပဒေ
- ရာဇသတ်ကြီးဥပဒေ
- ရာဇဝတ်ကျင့်ထုံးဥပဒေ
- ရာဇဝတ်ကျင့်ထုံးဥပဒေအခြေပြုလက်စွဲ၊ဦးမိုးကျော်၊မဟာဥပဒေ၊ဒုတိယညွှန်ကြားရေးမှူး။
- ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ
- မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဥပဒေ
- ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊
- ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ
- နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့်လူမှု့တရားမျှတမှု၊ဘိုကြည်၊စက်တင်ဘာလ၊၁၆ရက်၊၂၀၂၀၊ISP Myanmar.
- The concept of Restorative Justice and criminal justice system in Nigeria,Ogugua V.C.Ikpeze and Martina Oluchi Ezeh.
- The Concept of Restorative Justice in handling Crimes in the Criminal Justice System,Nurul P.A. Nasution,Jubair  and Abdul Wahid.
- Implementing restorative justice in police departments,Vol.13,No.5,Leanne Fiftal Alarid and Carlos D. Montemayor.
- Challenges facing the development of restorative justice in Asia,Dennis S.W.Wong,City University of Hong Kong,2014.
- Prof. Luc Huyse (2003). အကြမ်းဖက်ပဋိပက္ခလွန်ပြည်လည်ရင်ကြားစေ့ရေး. Sweden: International IDEA, p.20.
- Azlinda Azman,PhD and Mohd Taufik bin Mohammad (2012). Crime Victims Support System and Restorative Justice: Possible Implementation in Malaysia. p.20.
- စတီဖဲင် အော်တာ (2017). မှုခင်းကာကွယ်ရေး နောက်ခံအချက်အလက်များစာတမ်း. The Asia Foundation, p.8.

- Galuh Wandita and Karen Campbell-Nelson (2015a). ပြစ်ဒဏ်မှ ကင်းလွတ်ခြင်း အစဉ်အလာကို ဖယ်ရှားခြင်း. အာရှတရားမျှတမှုနှင့်အခွင့်အရေးဆိုင်ရာအဖွဲ့-AJAR, p.23.
- ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (2017). တရားမျှတမှုလက်လှမ်းမီရေးနှင့် သမားရိုးကျမဟုတ်သော တရားမျှတ ရေးစနစ်များ. p.59.
- Mr.Ben Pattinson Gates (2015). အသိအမှတ်ပြုရန်နှင့်ပြုပြင်ရန် အလွတ်သဘောအမှန်တရား ပေါ်ပေါက်ရေး စီမံချက်များနှင့်မြန်မာနိုင်ငံတွင် တရားမျှတမှုပေါ်ထွန်းစေရေး. Network for Human Rights Documentation-Burma, pp.62 & 69.
- နိုင်ငံတကာဂျူရီလူကြီးများကော်မရှင် (2008). မြန်မာနိုင်ငံတရားသဖြင့်ဖြစ်စေခြင်းနှင့် တာဝန်ခံခြင်း. p.26.
- နယ်စပ်တလျှောက်ကယ်ဆယ်စောင့်ရှောက်ရေးညွန့်ပေါင်းအဖွဲ့ (2014). မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ တွင် ကာကွယ်မှုပေးရေးနှင့်လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုများ. နယ်စပ်တလျှောက် ကယ်ဆယ်စောင့်ရှောက် ရေးညွန့်ပေါင်းအဖွဲ့, p.၃၁.
- Paul Doila (2017). မြန်မာနိုင်ငံတရားဥပဒေစိုးမိုးရေးနှင့်မျှတ. UNDP.
- Stephen Otter (2017). မြို့ပြလုံခြုံမှုဆိုင်ရာစီမံကိန်း မူခင်းကာကွယ်ရေး နောက်ခံ အချက် အလက်များ စာတမ်း. The Asia Foundation.
- ဦးကျော်ကျော်ဦး(တရားရေး) (2021). တရားရုံးကဦးဆောင်သည့်(Court-Led Mediation)ဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများ. ပြန်ကြားရေးဝန်ကြီးဌာနသတင်းနှင့်စာနယ်ဇင်းလုပ်ငန်း.
  - Ogugua V.C Ikpeze and Martina Oluchi Ezeh. The Concept of Restorative Justice and Criminal Justice System in Nigeria. Nov. 2021.